ဧရာဝတီတိုင်းဒေသကြီး

ပုသိမ်မြို့နယ်

မရမ်းချောင်းကျေးရွာအုပ်စု

မိုကြက်ကုန်းကျေးရွာ

# ကျေးရွာဖွံ့ဖြိုးရေးမျှဝေဟာနှင့်

# လုပ်ငန်းအစီအစဉ်

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ(       )ရက်။

# စကားချီး

ဤ **ကျေးရွာဖွံ့ဖြိုးရေးစီမံချက်** သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀ ခုနှစ်အထိ (၅)နှစ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် **ကျေးရွာဖွံ့ဖြိုးရေးစီမံချက်** ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော် လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုး မှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များနှင့် ထပ်ဖြည့်ပေးခြင်း ဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ နှင့် ဦးပေးစားရွေးချယ်မှု လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိ နိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများ ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေး ဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်း ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့**
**မျိုက်ကုန်းကျေးရွာ**
**ပုသိမ်မြို့နယ်**

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | **နိဒါန်း**<br>(က) ရည်ရွယ်ချက်<br>နိုင်ငံတော်အစိုးအရအဖွဲ့များအတွက် အသုံးဝင်မှု<br>(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု | ၁ | ၂ |
| ၂။ | **ပထဝီအနေအထားနှင့်သဘာဝသယံဇာအရင်းအမြစ်များ**<br>(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာအသွင်ပြင်အနေအထား<br>(ခ) သဘာဝအရင်းအဖြစ် | ၃ | ၄ |
| ၃။ | **ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**<br>(က) လူဦးရေဆိုင်ရာအချက်အလက်များ<br>(ခ) စီးပွားရေးအခြေအနေ၊ ဝင်ငွေ၊ ပိုင်ဆိုင်မှု နှင့် မမျှတမှု<br>(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု<br>(ဃ) ကျန်းမာရေးနှင့် အာဟာရ<br>(င) ပညာရေးနှင့် ကျွမ်းကျင်မှု<br>(စ) ကျား/မရေးရာကိစ္စဆိုင်ရာ | ၄ | ၆ |
| ၄။ | **ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**<br>(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု<br>(ခ) သီးနှံသားငါး ထုတ်လုပ်မှုကဏ္ဍ<br>(ဂ) စိုက်ပျိုး/မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ<br>(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု<br>(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု<br>(စ) ပညာရေး၊ ကျန်းမာရေး၊ ရေ နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး<br>(ဆ) လူငယ်နှင့် ယဉ်ကျေးမှု<br>(ဇ) အခြေခံအဆောက်အဦ၊ လမ်း/တံတား၊ လျှပ်စစ်စွမ်းအား၊<br>သတင်းနှင့် ဆက်သွယ်ရေး<br>(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | ၆ | ၁၀ |
| ၅။ | **ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**<br>(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ<br>(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု | ၁၀ | ၁၁ |
| ၆။ | **ပန်းတိုင် နှင့် မဟာဗျူဟာ**<br>(က) ဖွံ့ဖြိုးရေးပန်းတိုင်<br>(ခ) အကောင်အထည်ဖော်နည်းဗျူဟာ | ၁၁ | ၁၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ မှ | စာမျက်နှာ ထိ |
|---|---|---|---|
| ၇။ | **ကျေးရွာစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးမည့် ကိစ္စများ** | ၁၂ | ၁၃ |
| | (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း | | |
| | (ခ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ | | |
| | (ဂ) စိုက်ပျိုးမြေအသုံးချနိုင်ရန် | | |
| | (ဃ) ကျေးလက်လူနေမှုဘဝ မြှင့်တင်ရေး | | |
| ၈။ | **စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ** | ၁၄ | ၁၅ |
| | (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း | | |
| | (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း | | |
| | **ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း** | | |
| | (ဂ) ဦးစားပေးစီမံချက်များ | | |
| | (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ | | |
| ၉။ | **ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်** | ၁၆ | |
| ၁၀။ | **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ** | ၁၇ | ၁၈ |
| | (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ | | |
| | (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း | | |
| | (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ | | |
| | (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက်အဖွဲ့အစည်းဆိုင်ရာ အစီအစဉ် များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ | | |
| ၁၁။ | **စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း** | ၁၈ | ၂၀ |
| | (က) ကြီးကြပ်စစ်ဆေးခြင်း (**Monitoring**) | | |
| | (၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု | | |
| | (၂) ငွေကြေးဆိုင်ရာတိုးတက်မှု | | |
| | (၃) လပတ်ကုန်တွင်ရှိသော ငွေသားနှင့်အခြားပစ္စည်းလက်ကျန် | | |
| | (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကဲဖြတ်ပွဲ | | |
| | (ဂ) နည်းပညာဆိုင်ရာအကူအညီ | | |

# ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁။ **နိဒါန်း**

(က) **ရည်ရွယ်ချက်**

ဤ **ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း**သည် အစိုးရဌာနများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရရှိရန် နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့၏ ကျေးရွာအနေဖြင့် ဆောင်ရွက်ရမည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးအရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၊ ပြည်ထောင်စုအဆင့်၊ အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၄င်းတို့၏ စီးပွားရေး ဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (**NGOs**)၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ (**CSOs**)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) **စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်များရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ် မူတည်၍နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည်အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ **ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းအမြစ်များ**

(က) **တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာအသွင်ပြင်အနေအထား**

**ဖျိုက်ကုန်းကျေးရွာ** သည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ မရမ်းချောင်းကျေးရွာအုပ်စုတွင်ပါဝင်ပြီး၊ ပုသိမ်မြို့၏မြောက်ဘက်၊ ပုသိမ်ကြိုးတံတားအနီး၊ ပုသိမ်-ဝါးယားချောင်း မော်တော်ကားလမ်းမကြီး၏ ဘေးတွင် တည်ရှိပြီး၊ ငဝန်မြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသော ရွာကလေး ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော် ပုသိမ်မြို့နှင့် (၄)မိုင်ခန့်သာကွာဝေးပြီး၊ ပုသိမ်မြို့သို့ ကုန်းလမ်းခရီးဖြင့် (၃)ရာသီလုံး လွယ်ကူ အဆင်ပြေစွာ သွားနိုင်သည်။ ရေလမ်းကြောင်း အဖြစ် ငဝန်မြစ်မှ လွယ်ကူစွာ သွားလာနိုင်သော်လည်း အသုံးပြုမှု နည်းသည်။

ဖျိုက်ကုန်းကျေးရွာသည် ယခင်က ဒေသအခေါ်(ဖျိုက်)ဟုခေါ်သော မိုးရာသီတွင် ရေများဖြင့် ပြည့်နေသော လယ်ကွင်းများ ဝန်းရံနေသော ကုန်းပြန့်ရွာလေးဖြစ်သည်။ ယခင်က လယ်ယာလုပ်ငန်းကို အဓိက အသက်မွေးလုပ်ကိုင်ကြပြီး အချို့တံငါလုပ်ငန်း လုပ်ကိုင်ကြသော်လည်း၊ ယခုအခါ ခေတ်စနစ် ပြောင်းလဲမှုနှင့် သဘာဝ ဘေးဒဏ်များကြောင့် လယ်ယာလုပ်ငန်းလုပ်ကိုင်သူ မရှိသလောက် နည်းပါး သွားပြီဖြစ်သည်။

ယခင်က စိုက်ပျိုးနိုင်သော မြေဧက(၁၀၀)အထက်ပိုင်ဆိုင်ခဲ့သော်လည်း ယခုအခါ လယ်ယာနှင့် စိုက်ပျိုးနိုင်သော မြေဧကမှာ (၁၅)ဧကခန့်သာ ကျန်ရှိတော့သည်။ ကျေးရွာတွင် လယ်ယာလုပ်ကိုင်သူမှာ မရှိသလောက် နည်းပါးသွားပြီဖြစ်သည်။ ယခုအခါတွင် ကျပန်း အလုပ်သမားများ၊ ပြင်ပဝန်ထမ်း၊ အစိုးရဝန်ထမ်း၊ တံငါလုပ်ငန်း၊ ခေါင်းရွက်ဗျတ်ထိုးဈေးသည် နှင့် လက်သမား၊ ပန်းရံလုပ်သားကဲ့သို့သော အလုပ်များဖြင့်သာ အဓိကအသက်မွေးဝမ်းကျောင်း ပြုနေသည်ကို တွေ့ရှိရပါသည်။

ရာသီဥတုမှာ အပူပိုင်းမုတ်သုန်ရပ်ဝန်းတွင် ကျရောက်နေခြင်းကြောင့် မိုးရေချိန် လုံလောက်စွာ ရရှိ သည်။ နွေမိုးဆောင်း (၃)ရာသီညီမျှ၍ ရွာ၏အနောက်ဖက် ငဝန်မြစ်မှ ရေအရင်းအမြစ်များ လွယ်ကူစွာ ရရှိပြီး ဆားငန်ရေ ဝင်ရောက်မှုရှိသဖြင့် သီးနှံစိုက်ခင်းများ ပျက်စီးခြင်းမှ လွတ်ကင်းပါသည်။ ငဝန်မြစ်၏ ချောင်းငယ်၊ မြောင်းငယ်များမှ ကျေးရွာ၏ အသက်မွေးဝမ်းကျောင်းအတွက် ရေချိုငါးဖမ်းခြင်းဖြင့် တစ်စိတ်တစ်ဒေသ အထောက်အပံ့ ပေးနေသည်။ သို့သော် နှစ်စဉ်ငဝန်မြစ်မှ မြစ်ရေလျှံမှုကြောင့် ရေကြီးနစ်မြုပ်မှု သဘာဝဘေး အန္တရာယ်ကိုလည်း ခံစားနေရသည်။

လက်ရှိကျေးရွာတွင် လယ်ယာမြေကဲ့သို့သော သဘာဝသယံဇာတ အရင်းအမြစ်များ နည်းပါးသွား ပြီ ဖြစ်သည်။

(ခ) **သဘာဝအရင်းအမြစ်**

ဖျိုက်ကုန်းကျေးရွာသည် ယခင်က သဘာဝအရင်းအမြစ်များ ပြည့်စုံသည်ဟုဆိုနိုင်သည်။ မြေဆီသြဇာ သင့်တင့် ကောင်းမွန်သော လယ်ကွင်းများ၊ သီးပင်စားပင်များ စိုက်ပျိုးနိုင်သော ခြံမြေများစွာမှာ မြို့ပြ၏ လိုအပ်မှုကြောင့် များစွာဆုံးရှုံးခဲ့ရပြီး ဖြစ်သည်။ (ဥပမာ-ပုသိမ်ကြိုးတံတား တည်ဆောက်မှု၊ ငါးကန်များတူးဖော်မှု၊ အုတ်ဖုတ်ခြင်းစသည်များ။)

ယခုအခါ သဘာဝ သယံဇာတအရင်းအမြစ်များ ဆုံးရှုံးမှုကြောင့် လူသားအရင်းအမြစ်ဖြစ်သော အိမ်ထောင်စုအချို့ နှင့် သဘာဝတိရစ္ဆာန်အချို့မှာ ရွှေ့ပြောင်း ပျောက်ကွယ်သွားခဲ့ရပြီးဖြစ်သည်။ ယခင်က လယ်နှင့် စိုက်ပျိုးနိုင်သော မြေဧကဖြစ်သော သဘာဝအရင်းအမြစ်ဧက(၁၀၀)ခန့် ပိုင်ဆိုင်သော ရွာလေးမှာ ယခုအခါ သဘာဝ အရင်းအမြစ် စိုက်ပျိုးမြေ (၁၅)ဧကခန့်သာ ကျန်ရှိတော့သည်။ ယခုအခါ သဘာဝအရင်းအမြစ်များ ဆုံးရှုံးမှုနှင့် အတူ ယခင်က အဆင်ပြေချောင်လည်သော ကျေးရွာလူထုမှာ ယခုအခါ ရုန်းကန်နေကြရပြီဖြစ်သည်။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

ဗျိုက်ကုန်းကျေးရွာတွင် အိမ်ထောင်စု စုစုပေါင်း (၉၀)စုရှိပြီး၊ ကျား(၁၈၅)ဦး၊ (မ)(၁၇၃)ဦး၊ ကျား+မစုစုပေါင်း (၃၅၈)ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄. ၂)ဦးနှုန်းရှိပြီး၊ နိုင်ငံတော်၏ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၅)ဦးနှုန်းနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်လျော့နည်းနေသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် ဗမာလူမျိုး အများဆုံးနေထိုင်ကြပြီး၊ ကရင်လူမျိုးအိမ်ထောင်စု(၁)စု၊ ဗမာ+ကရင်လူမျိုးအိမ်ထောင်စု (၁)စု နှင့် မူစလင် လူမျိုးတစ်ဦး တို့နေထိုင်ကြသည်။

အလုပ်လုပ်နိုင်သော လူဦးရေသည် ကျေးရွာနေ လူဦးရေ၏ (၆၄. ၈၁%)ခန့်ရှိသဖြင့် လူသားရင်းမြစ် ပေါကြွယ်ဝသည်ကို တွေ့နိုင်ပြီး၊ လူငယ်များကို စနစ်တကျလေ့ကျင့်သင်ကြားပေးနိုင်ပါက ဒေသစီးပွားရေး နှင့် နိုင်ငံ့စီးပွားရေးကို တစ်စိတ်တစ်ဒေသ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟု ထင်မြင်မိပါသည်။

**(ခ) စီးပွားရေးအခြေအနေ၊ ဝင်ငွေ၊ ပိုင်ဆိုင်မှု နှင့် မမျှတမှု**

ဗျိုက်ကုန်းကျေးရွာတွင် သဘာဝအရင်းအမြစ်များ မကျန်ရှိတော့ဘဲ လူသားအရင်းအမြစ်များသာ ကျန်ရှိသောကြောင့် နီးစပ်ရာကျေးရွာများတွင် လက်သမား၊ ပန်းရံ၊ ဆိုင်ကယ်အငှားမောင်း၊ ရောင်း/ဝယ်၊ ဝန်ထမ်းနှင့် ကြုံရာကျပန်း လုပ်ကိုင်ကြသည်ကို တွေ့ရသည်။ ဆင်းရဲ/ချမ်းသာအဆင့်သတ်မှတ်မှုတွင် အလွန် ဆင်းရဲသော အိမ်ထောင်စု (၂၁. ၁၁%)၊ ဆင်းရဲသောအိမ်ထောင်စု (၄၀%)၊ အိမ်ထောင်စုများဖြစ်ပြီး အလယ်အလတ်လူတန်းစား (၃၃. ၃၃%)ရှိပြီး၊ အိမ်ထောင်စု၏ (၅. ၅၆%)သာ ချမ်းသာအဆင့် သတ်မှတ် ခံရသည်။ ချမ်းသာအဆင့်ရှိသူများမှာ ခြံလုပ်ငန်း၊ အရောင်းအဝယ် နှင့် ကားပိုင်ရှင်စသော လုပ်ငန်းများ လုပ်ကိုင်ကြသည်။ အလယ်အလတ်အဆင့်သတ်မှတ်ခံသူများမှာ အရောင်းအဝယ်၊ ဝန်ထမ်းများနှင့် အိမ်ခြံများ လုပ်ကိုင်ကြသည်။ ဆင်းရဲအဆင့်ရှိသူများမှာ လက်သမား၊ ပန်းရံ၊ ကျပန်း နှင့် ဝန်ထမ်းလုပ်ကိုင်သည်ကို တွေ့ရသည်။ အလွန်ဆင်းရဲသူများမှာ ကျပန်းလုပ်သား နှင့် သက်ကြီးရွယ်အို အိမ်ထောင်စုများဖြစ်ကြသည်။

ကျေးရွာတွင် ဝင်ငွေပိုင်ဆိုင်မှုမှာ နိမ့်ကျလျှက်ရှိပြီး နှစ်စဉ်ဝမ်းစာဖူလုံရေးအတွက် အခက်အခဲများ ရှိသည် ကိုလည်း တွေ့ရပါသည်။

(ဂ) **ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ဗျိုက်ကုန်းကျေးရွာအတွင်းတွင် ဆင်းရဲနွမ်းပါးသူ များပြားနေသော်လည်း ရာသီအလိုက် လုပ်ငန်းများ၊ လက်သမား၊ ပန်းရံ လက်လီလက်ကားရောင်း/ဝယ်ခြင်း၊ ခေါင်းရွက်/ဗျတ်ထိုး ရောင်းဝယ်ခြင်း၊ နီးစပ်ရာ မြို့/ရွာ များတွင် ပြင်ပဝန်ထမ်းများ၊ မြစ်ချောင်းများတွင် တစ်ပိုစ်တစ်နိုင် ငါးဖမ်းလုပ်ငန်းများဖြင့် အလုပ်အကိုင်ရှာဖွေ ရရှိနိုင် သည်။ ကျေးရွာအတွင်းရှိ ဆင်းရဲနှင့် အလွန်ဆင်းရဲ (၃၀%)ခန့် (၁၂)အိမ်လေ့လာဆန်းစစ်မှုအရ အိမ်ထောင်စု (၁)စုသာ (၃)လအောက်ဝမ်းစာဖူလုံမှုရှိပြီး၊ ပြင်ပမိသားစုများမှ အထောက်အပံ့ယူ ဖြေရှင်းကြောင်း တွေ့ရသည်။ ကျန်အိမ်ထောင်စုများမှာ (၆)လမှ (၁၂)လအတွင်း ဝမ်းစာဖူလုံမှုရှိပြီး၊ လိုအပ်ပါက ချေးယူဖြေရှင်းကြောင်း တွေ့ရသည်။

အိမ်ထောင်စုအားလုံး၏ (၃. ၃၃%)ခန့်သည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု များဖြစ်ကာ အလွန်ဆင်းရဲသော အိမ်ထောင်စုများ ဖြစ်သည်။ ဆင်းရဲသောအိမ်ထောင်စုများ၏ အိမ်ထောင်ဦးစီးများမှာ အရက်သေစာ သောက်စားသည်ကိုတွေ့ရ၍ ယင်းအချက်သည်လည်း ဆင်းရဲနွမ်းပါးမှု လျော့ချရန်အတွက် အတားအဆီးဖြစ်သည်ကို တွေ့ရသည်။ ကျေးရွာတွင် မုဆိုးဖို၊ တစ်ခုလပ် ဦးဆောင်သော အိမ်ထောင်စု (၃)စု ရှိပြီး၊ မိသားစု စောင့်ရှောက်မှုနည်းသည့် သက်ကြီးရွယ်အို(၄)ဦး ရှိသည်။ လူငယ်လူရွယ်များမှာ လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါ မတွေ့ရသော်လည်း ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အရက်သေစာ သောက်စားမှု အချို့ရှိသည်ကို တွေ့ရသည်။ ကျေးရွာသည် ရေလမ်း၊ ကုန်းလမ်း ထိစပ်နေသောကြောင့် သဘာဝ ဘေးအန္တရာယ်ဖြင့် နှစ်စဉ်ရေကြီးနစ်မြုပ်မှုများ နှစ်စဉ်ရင်ဆိုင်နေရသည်။ ထို့အတူ လွန်ခဲ့သည့် နှစ်အချို့က ရေနစ်သေဆုံးမှု အချို့ရှိသည်ကိုလည်း တွေ့ရသည်။ ကားလမ်းဘေးတွင် နေထိုင်သောသူအချို့မှာ ယာဉ် မတော်တဆမှုများ ဖြစ်နိုင်သည်ကို တွေ့ရှိရသည်။

(ဃ) **ကျန်းမာရေးနှင့် အာဟာရ**

ဗျိုက်ကုန်းကျေးရွာအတွင်းရှိ ရွာသားအချို့မှာ သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှုရရှိကြသည်။ လွန်ခဲ့သည့် (၃)နှစ်ခန့်က ခလေးငယ်များတွင် သွေးလွန်တုတ်ကွေး ဖြစ်ပွားမှု ဖြစ်စဉ်များ ရှိခဲ့သော်လည်း ယခုအခါ လျော့နည်းသွားပြီဖြစ်သည်။ သက်ကြီးပိုင်းအများစုတွင် ဆီးချိုနှင့်သွေးတိုးရောဂါ ဖြစ်ပွားမှုအချို့ရှိသည်။ သက်ကြီးရွယ်အိုပိုင်း အများစုမှာ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင် များ ရှိကြသည်ကို တွေ့ရှိရသည်။ ကျေးရွာသူ/ကျေးရွာသား များအား ရွာနှင့်(၄)ဖာလုံခန့်ဝေးသော ကျေးလက် ဆေးပေးခန်းနှင့် (၄)မိုင်ခန့်ဝေးသော ပုသိမ်ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးစောင့်ရှောက်မှုများရရှိပါသည်။ အခြားဆေးဆိုင်များနှင့် ဆေးခန်းများသို့ လွယ်ကူစွာ သွားရောက်ဝယ်ယူ ကုသနိုင်သည်။ ကျေးရွာမှ ခလေးငယ် များ တက်ရောက်လျက်ရှိသော စာသင်ကျောင်းများတွင် အာဟာရတိုက်ကျွေးမှုများရှိသည်ကို တွေ့ရှိရသည်။

(င) **ပညာရေးနှင့် ကျွမ်းကျင်မှု**

ဗျိုက်ကုန်းကျေးရွာ၏ ပညာရေးအခြေအနေမှာ စာမတတ်သူ မရှိသလောက်နည်းပါးသည်ကို တွေ့ရသည်။ အများစုမှာ အခြေခံ အရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပါသည်။ ဘွဲ့ရ ပညာတတ်များမှာ ကျေးရွာ ပညာတတ်မြောက်မှုအနေအထားနှင့် နှိုင်းယှဉ်လျှင် နိမ့်ကျနေဆဲဖြစ်သည်။ ကျေးရွာ၏ အနီးဆုံး မူလတန်း ကျောင်းမှာ ကျေးရွာမှ (၂)ဖာလုံခန့်အကွာတွင်တည်ရှိသည်။ အနီးဆုံး အထက်တန်းကျောင်းမှာ ရွာမှ (၃)မိုင် ခန့်အကွာတွင်ရှိသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုမှာ လယ်ယာစိုက်ပျိုးရေးနှင့် အုတ်ဖုတ်လုပ်ငန်း ကျွမ်းကျင်မှုများရှိသော်လည်း လုပ်ကိုင်နိုင်သည့်မြေ နည်းပါးခြင်းကြောင့် လုပ်ကိုင်နိုင်ခြင်းမရှိပေ။ လူငယ်လူရွယ် များအတွက် ကျွမ်းကျင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများမှုလည်း နိမ့်ကျနေလျှက်ရှိသည်။

(စ) **ကျား/မရေးရာကိစ္စဆိုင်ရာ**

ဗျိုက်ကုန်းကျေးရွာတွင် ကျား/မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်ဟု ဆိုနိုင်သည်။ ကျား/မရေးရာတာဝန်ယူမှုအပိုင်းတွင် အမျိုးသမီးများသည် အဖွဲ့အစည်းအလိုက် လုပ်ငန်းပိုင်းဆိုင်ရာများကို ကောင်းစွာဆောင်ရွက်နိုင်သည်ကိုတွေ့ရသည်။ ကျေးရွာအတွင်းတွင် ကျားနှင့် မ အကြား အိမ်တွင်းအကြမ်း ဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သော ဘာသာရေးနှင့် သာရေး/နာရေးကိစ္စများတွင် တာဝန်အလိုက် အလျဉ်းသင့်သလို ကျား/မပူးပေါင်း၍ ကောင်းစွာဆောင်ရွက်နိုင်သည်ကို တွေ့ရသည်။ သို့သော်ကျေးရွာ အုပ်ချုပ်ရေးမှု အပိုင်းတွင် အမျိုးသမီးများ ပိုမိုပူးပေါင်းဆောင်ရွက်ရန် များစွာလိုအပ်နေသေးသည်ကို တွေ့ရသည်။

ကျေးရွာရှိ နေ့တွက်လုပ်အားခများကို သုံးသပ်ရာတွင် အမျိုးသားများက ပိုမိုရရှိနေကြပါသည်။ အခြေခံမှာ လုပ်ငန်းချင်းတူသော်လည်း လုပ်ဆောင်မှုနှင့် ကျွမ်းကျင်မှု ကွာခြားခြင်းကြောင့် ဖြစ်နိုင်သည်။ ဥပမာ- ပန်းရံလုပ်ငန်းတွင် အမျိုးသားများက အမြင့်တက်ခြင်းနှင့် လုပ်ငန်းပိုင်းများတွင်ကျွမ်းကျင်မှု ပိုမိုခြင်းကြောင့် ဖြစ်နိုင်သည်။ သို့သော်ပုတ်ပြတ်ပေးသောလုပ်ငန်းများတွင် အမျိုးသားနှင့် အမျိုးသမီး လုပ်အားခတူညီနေသည်ကို တွေ့ရသည်။ ပညာတတ်မြောက်မှု မှတ်တမ်းများအရ အမျိုးသား၊ အမျိုးသမီး ကွာခြားမှု မရှိသည်ကို တွေ့ရှိရပါသည်။ သို့သော် အခြားကဏ္ဍများ၌ အမျိုးသမီးများ ဘဝမြှင့်တင်ရေး ဆက်လက်လုပ်ဆောင်ရဦးမည်ဖြစ်သည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) **ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ဗျိုက်ကုန်းကျေးရွာအတွင်းတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၁)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ အဖွဲ့(၁)ဖွဲ့ရှိသည်။ ပြင်ပမှ ဖွဲ့စည်းပေးထားသော အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့များမှာ လုပ်ဆောင်မှုအားနည်းသည်ကို တွေ့ရသည်။ ကျန်းမာရေးနှင့်

နာရေးအတွက် အသင်း(၁)ခု ဖွဲ့စည်း ထားပြီး လက်ရှိလုပ်ဆောင်လျှက်ရှိသော်လည်း များစွာလိုအပ်နေသေးသည်ကို တွေ့ရသည်။ ကျေးရွာတွင် သမဝါယမ၊ **World Vision** ၊ **PACT မြန်မာ** ကဲ့သို့သော ဆင်းရဲနွမ်းပါးမှု လျှော့ချရေး စီမံချက်နှင့် ကျေးရွာ အတွင်း အတိုးနှုန်းသင့်တင့်သော ချေးငွေများဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်သည်။ သို့သော် အဖွဲ့ အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အားနည်းနေသေးသည်ကို တွေ့ရသည်။ အဖွဲ့အစည်းဆိုင်ရာ သဘော တရားများ တိုးတက်လာရေးအတွက် အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးရေးသင်တန်းများနှင့် အုပ်ချုပ်ရေးပိုင်း ပိုမို ပူးပေါင်းပါဝင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ပိုမိုကောင်းမွန်လာနိုင်သည်။

(ခ) **သီးနှံ့သားငါး ထုတ်လုပ်မှုကဏ္ဍ**

သီးနှံ့ထုတ်လုပ်ရေးကဏ္ဍတွင် ဖျိုက်ကုန်းကျေးရွာအတွင်း၌ စိုက်ပျိုးနိုင်သောမြေ လွန်စွာနည်းပါးသောကြောင့် တိုးတက်မှုမရှိသည်ကို တွေ့ရသည်။ အိမ်ခြံမြေများ၌ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးများအဖြစ် ကွမ်း၊ ပဲတောင့်ရှည်၊ သခွါး၊ ပန်း စသော သီးပင်စားပင်များ ရာသီအလိုက် စိုက်ပျိုးသည်ကို တွေ့ရသည်။ ယခင်က စိုက်ပျိုးနိုင်သော မြေဧကများစွာ ပိုင်ဆိုင်သော်လည်း ယခုအခါ လွန်စွာနည်းပါးသွားသောကြောင့် သီးနှံ ထုတ်လုပ်မှု လွန်စွာနည်းပါးသွားပြီဖြစ်သည်။ တိုးချဲ့နိုင်သော မြေဧကများ မရှိတော့ခြင်း၊ လယ်ယာမြေများအား ကုမ္ပဏီများနှင့် ပြင်ပအဖွဲ့အစည်းများမှ ဝယ်ယူနေခြင်းများကြောင့် သီးနှံထုတ်လုပ်မှုများ ဆက်လက်လျော့ကျ လာနိုင်သည်။ ယခင်က စိုက်ပျိုးနိုင်သောမြေဧက (၁၀၀)ကျော်ပိုင်ဆိုင်သော်လည်း ယခုအခါ လယ်(၃)ဧကနှင့် အိမ်ခြံ (၁၂)ဧကခန့်သာ ကျန်ရှိတော့သည်။ သားငါးထုတ်လုပ်မှုကဏ္ဍတွင် စီးပွားဖြစ်မွေးမြူရေးကို အိမ်ထောင်စု(၁)စုသာ လုပ်ကိုင်နေပြီး၊ ကျန် အိမ်ထောင်စုအချို့မှာ တစ်ပိုင်တစ်နိုင်မွေးမြူရေးအချို့ လုပ်ကိုင်ကြသည်။ စီးပွားဖြစ် ငါးမွေးမြူရေးကို တစ်ဦး တစ်ယောက်မှ လုပ်ကိုင်နိုင်ခြင်းမရှိဘဲ တစ်ပိုင်တစ်နိုင် ငါးဖမ်းလုပ်ငန်းသာလုပ်ကိုင်ကြသည်။ သီးနှံနှင့်သားငါးထုတ်လုပ်မှုကဏ္ဍသည် ကျေးရွာ၏အဓိက သက်မွေးဝမ်းကျောင်းမဟုတ်သည့် အတွက်ကြောင့် ကျေးရွာအတွင်းတွင် သီးနှံ၊ သား/ငါးနှင့်ပတ်သက်သော လယ်ယာစိုက်ပျိုးရေး၊ တိ-မွေး-ကုစသော ဌာနများမှ နည်းပညာနှင့်ဝန်ဆောင်မှုများ ချိတ်ဆက်ဆောင်ရွက်မှု မရှိသည်ကို တွေ့ရသည်။

(ဂ) **စိုက်ပျိုး/မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ဖျိုက်ကုန်းကျေးရွာအတွင်းတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို စီးပွားဖြစ် ထုတ်ယူနိုင်ခြင်းမရှိသည့်အတွက် စိုက်ပျိုး/မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူ ပေါ်များသည်။ ကျေးရွာအတွင်းမှ အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းများ မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ ကျပန်းလုပ်သားများ၊ ခေါင်းရွက်/ဗျတ်ထိုးဈေးသည်များ၊ လက်သမား၊ ပန်းရံလုပ်သားများ၊ တစ်ပိုင်တစ်နိုင်တံငါလုပ်ငန်းလုပ်ကိုင်သူ များ၊ ဆိုင်ကယ်အငှားလိုက်သူ၊ သယ်ယူပို့ဆောင်ရေး အငှားယာဉ်မောင်းများ၊ ပြင်ပ ဝန်ထမ်းများနှင့် အစိုးရ ဝန်ထမ်းအချို့တို့ လုပ်ကိုင်ကြသည်ကို တွေ့ရသည်။ ကျေးရွာအိမ်ထောင်စု၏(၃. ၃၃%)မှာ စိုက်ပျိုး/မွေးမြူရေး မဟုတ်သော လုပ်ငန်းများ

လုပ်ကိုင်ကြသည်ကိုတွေ့ရသည့်အတွက် ကျေးရွာသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကလုပ်ကိုင်နိုင်ခြင်းမရှိကြောင်း တွေ့ရသည်။ ကျေးရွာတွင် ကျပန်းလုပ်သား လွန်စွာများပြားပြီး၊ နီးစပ်ရာ မြို့/ရွာများတွင် ဈေးဆိုင်အရောင်းဝန်ထမ်းများ၊ လက်သမား၊ ပန်းရံ၊ ရောင်း/ဝယ်၊ အထည်ချုပ်ကုမ္ပဏီများတွင် လုပ်သားများအဖြစ် လုပ်ကိုင်နေသည်ကို တွေ့ရ၍ ကျေးရွာမှာ ဝမ်းရေးအသင့်အတင့် အဆင်ပြေသော်လည်း များစွာ ကြိုးစားရဦးမည်ဖြစ်သည်။ နီးစပ်ရာ မြို့/ရွာများတွင် အသက်မွေးဝမ်းကျောင်းနှင့် ဆက်စပ်သော သင်တန်းများ ရှိသော်လည်း သင်တန်းစရိတ်နှင့် စား-ဝတ်-နေရေး အခက်အခဲများကြောင့် သင်ယူနိုင်ခြင်း မရှိချေ။ ပညာသင်ယူပြီး မြောက်မှုတွင် လူငယ်များပညာတတ်မြောက်မှု အားနည်းခြင်းသည်လည်း အသက် မွေးဝမ်းကျောင်း ပညာသင်ယူခြင်းအတွက် အခက်အခဲတစ်ခုဖြစ်သည်။

(ဃ) **သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ဗျိုက်ကုန်းကျေးရွာတွင် နှစ်စဉ်ရေကြီးနစ်မြုပ်မှုဖြစ်ပွားလျှက်ရှိပြီး၊ မုတ်သုတ်ရာသီတွင် မုန်တိုင်းအချို့ ဝင်ရောက်တတ်သည်။ နှစ်စဉ်ရေကြီးနစ်မြုပ်မှုကြောင့် ရေဘေးဒုက္ခခံစားရသော်လည်း နုံးတင်မြေနုများ ကျန်ရှိမှုကြောင့် မြေဆီဩဇာ သင့်တင့်ကောင်းမွန်နိုင်သည်။ အပင်မျိုးစိတ်များမှာ စိုက်ပျိုးမြေများ ပျောက်ကွယ်၍ အပင်မျိုးစိတ်များလည်း ပျောက်ကွယ်သွားသည်။ ဖျက်ပိုးနှင့် ရောဂါထိန်းချုပ်မှုတွင် စိုက်ပျိုးမြေ နည်းပါးသောကြောင့် ကာကွယ်ထိန်းချုပ်မှု အားနည်းသည်။ ယခင်က မြစ်ကမ်းပါးတွင် ကတက်ပင်၊ သံလွင်ပင်၊ သင်ပင် အစရှိသောအပင် များစွာ ပေါက်ရောက်သော်လည်း ယခုအခါ ပျောက်ကွယ်သွားပြီဖြစ်ပါသည်။ အခြား တိရစ္ဆာန်မျိုးကွဲများ ထူးထူးခြားခြားမတွေ့ရပါ။ ပလတ်စတစ်၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျပစ်မှု မရှိသည်ကို လည်း တွေ့ရပါသည်။

(င) **ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ဗျိုက်ကုန်းကျေးရွာအတွင်းရှိ တောင်သူအချို့မှာ အစိုးရစိုက်ပျိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေကို တစ်နှစ်လျှင် (ဒိ/၅ဝါး) အတိုးနှုန်းဖြင့် ချေးပေးသည်ကိုတွေ့ရသည်။ သမဝါယမကဲ့သို့သော ဘဏ်များမှလည်း အတိုးနှုန်း သက်သာစွာဖြင့် ချေးပေးသည်ကို တွေ့ရှိရသည်။ အပေါင်ခံပစ္စည်းဖြင့် (လယ်ပုံစံ-၇)ကဲ့သို့သော အပေါင်ခံပစ္စည်း လိုအပ်သည်။ အခြားငွေချေး ဝန်ဆောင်မှုများအပြင် ပြင်ပအဖွဲ့အစည်းများမှ ဆင်းရဲနွမ်းပါးမှု လျော့ပါးရန် အတွက် အစုအဖွဲ့ ငွေကြေးဝန်ဆောင်မှုများပေးသည်ကိုလည်း တွေ့ရသည်။ အတိုးနှုန်းမှာ (၂/၅ဝါး)နှုန်းဖြစ်ပြီး အပေါင်ခံ ပစ္စည်းအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ပြား နှင့် အိမ်ထောင်စုလူဦးရေစာရင်း(၆၆/၆)ဖြစ်သည်။ ဥပမာ- **PACT , World Vision** ။ ကျေးရွာအတွင်းရှိ ဆင်းရဲနှင့် အလွန်ဆင်းရဲ များပြားပြီး အလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှုကြောင့် အတိုးနှုန်းသက်သက်သာသာဖြင့် နှစ်ရှည်ချေးပေးနိုင်ပါက လူမှုဘဝ ပိုမို ဖွံ့ဖြိုး တိုးတက် လာနိုင်ပေမည်။

(စ) **ပညာရေး၊ ကျန်းမာရေး၊ ရေ နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ဖျိုက်ကုန်းကျေးရွာ၏ အနီးဆုံးမူလတန်းကျောင်းကို (၁၀၀' × ၃၀' × ၁၈' )(၁)ဆောင်နှင့် (၆၀'× ၃၀' × ၁၅') အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာ၊ အင်္ဂတေအခင်း ကျောင်းဆောင်(၂)ဆောင်ရှိသည်။ ကျောင်းဆရာမ (၅)ဦးရှိပြီး။ ကျောင်းပရိဘောဂများ လုံလောက်မှု ရှိသည်ကို တွေ့ရှိပါသည်။ ဆရာ/တပည့် အချိုး၊ ၁း၂၃.ဖြစ်ပြီး အခမဲ့ပညာရေး ဝန်ဆောင်မှုများရှိသည်ကို တွေ့ရှိသည်၊ ကျေးရွာတွင် စာမတတ်သူဦးရေသည် ကျေးရွာရှိလူဦးရေအားလုံး၏ (၁. ၇%)ရှိပြီး၊ အများစုမှာ မူလတန်းနှင့် အလယ်တန်း အထိသာအများဆုံးကျောင်းနေသည်ကို တွေ့ရသည်။ ဘွဲ့ရသူ ဦးရေမှာ (၉)နှစ်အထက် လူဦးရေ၏ (၄. ၃၆%) သာရှိသည်။ ကျေးရွာတွင် ပညာတတ် ဘွဲ့ရများ ပေါ်ထွန်းလာရန် များစွာ ဆောင်ရွက်ရ ပေဦးမည်ဖြစ်သည်။ ကျေးရွာနှင့်(၃)မိုင်ခန့်အကွာတွင် အထက်တန်းကျောင်းများနှင့် ကိုယ်ပိုင် အထက်တန်းကျောင်းများရှိပြီး၊ (၄)မိုင်ခန့်အကွာတွင် တက္ကသိုလ် တစ်ခု၊ နည်းပညာတက္ကသိုလ် နှင့် ကွန်ပျူတာ တက္ကသိုလ်များ ရှိသည်။

ဖျိုက်ကုန်းကျေးရွာ၏ (၂)ဖာလုံခန့်အကွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိသည်။ ကျေးလက် ဆေးပေး ခန်း၌ သားဖွားဆရာမတစ်ဦး၊ အရန်သားဖွားဆရာမတစ်ဦးရှိသည်။ ရွာမှ (၄)မိုင်ခန့်အကွာတွင် ပုသိမ်မြို့- တိုင်းပြည်သူ့ဆေးရုံကြီးရှိပြီး မြို့တွင်းရှိ ဆေးဆိုင်များ၌ ဆေးပစ္စည်းများ လုံလောက်စွာ ဝယ်ယူရရှိနိုင်သည်။ ကျေးရွာအတွင်းရှိ ကူညီထောက်ပံ့မှု လိုအပ်သော ဆင်းရဲနွမ်းပါး လူနာများအား အရပ်ဘက် အဖွဲ့အစည်းများမှ ကူညီမှု အချို့ရှိသည်။ ကျေးရွာတွင် အကြောပြင်ဆရာ ကဲ့သို့သော တိုင်းရင်းဆေးဆရာ တစ်ဦးရှိသည်။

သောက်ရေအတွက် ရေတွင်းကို အဓိကသုံးစွဲပြီး လက်နှိပ်တုံကင်နှင့် မော်တာသုံးရေတုံကင်များမှ လည်းကောင်း၊ ချောင်းများမှလည်းကောင်း ရယူသုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ သုံးစွဲကြသည် ကို တွေ့ရသည်။ အချို့အိမ်ထောင်စုများမှာ မြေနေရာလိုအပ်ချက်အရ ယင်လုံအိမ်သာကို နှစ်အိမ်ထောင် လျှင် (၁)လုံး သုံးစွဲကြသည်ကို တွေ့ရသည်။

(ဆ) **လူငယ်နှင့် ယဉ်ကျေးမှု**

ဖျိုက်ကုန်းကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသည် သီးသန့်မရှိပေ။ ပုသိမ်ကြီးတံတား နှင့် မြစ်ကမ်းဘေးတို့၌ လေကောင်းလေသန့်ရရှိပြီး ကိုယ်လက် လှုပ်ရှားမှုများ ပြုလုပ်နိုင်သည်။ လူငယ်များသည်သာရေး/ နာရေး စသည့်လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။ ဘာသာရေး ပွဲတော်များတွင် အိုးစည်၊ ဒိုးပတ်တီးမှုတ်၊ ကခုန်ခြင်းကဲ့သို့သော ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်း စောင့်ရှောက်မှုများရှိသည်ကို တွေ့ရသည်။ လူငယ်များအတွက် အားကစားပစ္စည်းနှင့်အားကစားကွင်းမရှိသေး သော်လည်း အားကစားကို စိတ်ပါဝင်စားမှုရှိသည်ကို တွေ့ရှိရသည်။ အမျိုးသမီးငယ်များမှာ အားကစားနှင့် အလှမ်းဝေးကွာနေဆဲဖြစ်သည်။

(၉ ) **အခြေခံအဆောက်အဦ၊ လမ်း/တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ဖျိုက်ကုန်းကျေးရွာသည် ရွာချင်းဆက်လမ်းမရှိဘဲ ရွာလမ်းမှာ မြေသားလမ်း အမျိုးအစားဖြစ်သည်။ မိုးရာသီတွင် လမ်းပျက်စီးမှုအချို့ရှိပြီး ကိုယ်ထူကိုယ်ထကျောက်ချောလမ်းအဖြစ် စတင်ဆောင်ရွက်လျှက် ရှိသည်။ ရေလမ်းခရီးအသုံးပြုရ လွယ်ကူသော်လည်း သုံးစွဲမှုမရှိသည်ကို တွေ့ရသည်။ ကုန်းလမ်းဆက်သွယ်ရေးကို အဓိက အသုံးပြုပြီး ကား(၂)စီး၊ ကုန်တင်ကား(၁)စီး၊ ထော်လာဂျီ(၃)စီး၊ ဆိုင်ကယ်(၄၉)စီးနှင့် စက်ဘီး(၅၆)စီးကို လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် အသုံးပြုသည်ကို တွေ့ရသည်။

ဖျိုက်ကုန်းကျေးရွာတွင် လျှပ်စစ်မီးအား (၄၄၀ KVA )ဓာတ်အားလိုင်းဖြင့် ကိုယ်ထူကိုယ်ထ သွယ်တန်းထားပြီး ကျေးရွာအိမ်ထောင်စု (၄၅. ၅၆%)သာ လျှပ်စစ်မီးသုံးစွဲနိုင်သည်ကို တွေ့ရသည်။ လျှပ်စစ်မီးမှာ ထရန်စဖော်မာ နှင့် အလှမ်းဝေးကွာခြင်း၊ သုံးစွဲသူဦးရေ များပြားလာခြင်းကြောင့် ဓာတ်အားလျော့နည်းသည်ကို တွေ့ရသည်။ ကိုယ်ပိုင် ထရန်စဖော်မာ တပ်ဆင်သုံးစွဲပါက ပိုမိုကောင်းမွန်မည်ဟု လေ့လာတွေ့ရှိရပါသည်။ အခြား ဆင်းရဲသူများမှာ ဘက်ထရီအိုး သုံးစွဲပြီးနှင့် အချို့မှာ လျှပ်စစ်မီး သုံးစွဲမှုမရှိသည်ကို တွေ့ရသည်။

ကျေးရွာအုပ်စုအတွင်းတွင် ဆက်သွယ်ရေးတာဝါတိုင်ရှိပြီး တယ်လီဖုန်းလိုင်းများကောင်းမွန်ပြီး၊ အင်တာနက် အသုံးပြုနိုင်မှု ကောင်းမွန်သည်ကိုလည်း တွေ့ရသည်။ ကျေးရွာတွင်စာကြည့်တိုက်ရှိပြီး၊ လက်ရှိ အချိန်တွင် ဖွင့်လှစ်နိုင်ခြင်း မရှိသည်ကိုတွေ့ရသည်။

(၁၀) **တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ဖျိုက်ကုန်းကျေးရွာအတွင်းတွင် ရာဇဝတ်မှုနည်းပါးပြီး တည်ငြိမ်အေးချမ်းသည်ကို တွေ့ရသည်။ အရက်သေစာ သောက်စားမှုကြောင့် ဆူညံမှုအနည်းငယ်ရှိပြီး၊ ကြီးမားသော ခိုးယူမှုမျိုးဖြစ်ပွားခြင်းမရှိပဲ ကြက်/ဘဲစသော တိရစ္ဆာန်အချို့ ပျောက်ဆုံးမှုသာရှိသည်။ လူကုန်ကူးမှုနှင့် အမျိုးသမီးများအား အကြမ်းဖက်မှု မျိုး မရှိပါ။ ရွာမှ (၂)မိုင်ခန့်အကွာတွင် ရဲကင်း တစ်ခုရှိပြီး (၄)မိုင်ခန့်အကွာတွင် မြို့မရဲစခန်းရှိသည်။

၅။ **ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

(က) **ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ**

ဖျိုက်ကုန်းကျေးရွာတွင် ကျေးရွာလူဦးရေ (၆၄. ၈၁%)မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက်နှင့် ပညာတတ်များမှာ နည်းပါးသော်လည်း အလုပ်လုပ် နိုင်သူအများစုမှာ အလုပ်မရွေးခြင်းနှင့် အလုပ် လုပ်လိုစိတ်ရှိခြင်းမှာ အဓိကအားသာချက်ဖြစ်သည်။ ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းသင်တန်းကျောင်းကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များ တိုးတက်ကောင်းမွန်လာမည်။ ကျေးရွာ၏ အိမ်ထောင်စုအများစုမှာ ဆင်းရဲနှင့် အလွန်ဆင်းရဲများဖြစ်သော်လည်း ကြုံရာအလုပ်ကို ရာသီ မရွေး လုပ်ဆောင်နိုင်ခြင်းကြောင့် ကျေးရွာ၏ ဝမ်းစာမဖူလုံမှုမှာ အနည်းငယ်သာရှိသည်ကိုတွေ့ရှိရသည်။

ဗျိုက်ကုန်းကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲနိုင်မှုကြောင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုချက်ပြုတ်ခြင်း၊ ရေအလွယ်တကူ ထုတ်ယူသုံးစွဲနိုင်ခြင်း၊ ကျောင်းသား/သူများ စာဖတ်ချိန် အထောက်အပံ့ဖြစ်စေခြင်း စသောလူနေမှုအဆင့်အတန်းများ မြင့်မားလွယ်ကူလာသည်ကို တွေ့ရသည်။ ကျန်းမာရေး ဌာနများနှင့် ဆေးရုံ၊ ဆေးခန်းများ လက်လှမ်းမီမှုသည်လည်း ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်စေသည့် အခြေအနေကောင်းများဖြစ်သည်။ ကျေးရွာတွင်စိုက်ပျိုးမြေနှင့် စီးပွားဖြစ်မွေးမြူရန် မြေနေရာ အခက်အခဲရှိသော်လည်း တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ ဖော်ဆောင်နိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေး အတွက် များစွာ အထောက်အကူပြုနိုင်သည်။ ကျေးရွာ၏ ဘွဲ့ရပညာတတ်များမှာ ယခင်နှင့် နှိုင်းယှဉ်လျှင် တိုးတက်လာခြင်းသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် ကောင်းမွန်သော အထောက်အပံ့များပင်ဖြစ်သည်။

(ခ) **အဟန့်အတားနှင့်စိန်ခေါ်မှု**

ဗျိုက်ကုန်းကျေးရွာ၏ လယ်ယာမြေမှာ သင့်တင့်ကောင်းမွန်ပြီး ရေအရင်းအမြစ် လွယ်ကူသော်လည်း လယ်မြေများ ဆုံးရှုံးမှုနှင့် လယ်ယာမြေထပ်မံတိုးချဲ့ရန် မဖြစ်နိုင်ခြင်းတို့သည် သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အဓိက အတားအဆီးများဖြစ်သည်။ မွေးမြူရေးလုပ်ငန်းအတွက် စီးပွားဖြစ်မွေးမြူနိုင်ရန် မြေနေရာ မရှိခြင်းသည်လည်း အဓိက အတားအဆီးဖြစ်သည်။ ကျေးရွာအတွင်း လက်လုပ်လက်စား ကျပန်းအလုပ်သမားများနှင့် ခေါင်းရွက်/ ဗျတ်ထိုးအလုပ်သမားများမှာ အလုပ်အကိုင်နှင့် အခွင့်အလမ်းများ အလှမ်းဝေးခြင်း၊ အရင်းအနှီးနည်းပါးခြင်း စသည်တို့နှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်သည်။ လက်သမား၊ ပန်းရံ သမားကဲ့သို့သော လူများနှင့် အထည်ချုပ်စက်ရုံ ဝန်ထမ်းများ၊ ပြင်ပဝန်ထမ်းများမှာ ကျွမ်းကျင်မှုအားနည်းခြင်းကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါး လျှက်ရှိသည်။

ဗျိုက်ကုန်းကျေးရွာ၏ အနီးအနားများ၌ စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်အကိုင်အခွင့်အလမ်းများ မရှိဘဲ အခြားဒေသသို့ နေ့စဉ်သွားရောက်လုပ်ကိုင်နေကြရသည်။ ကျေးရွာ အတွင်းတွင် တစ်ပိုင်တစ်နိုင် ရေလုပ်ငန်း အချို့သာ ရှိပြီး စီးပွားဖြစ်မွေးမြူနိုင်ရန် မြေနေရာနှင့် အရင်းအနှီးများ မရရှိနိုင်ခြင်းသည်လည်း အဓိက အတားအဆီးများဖြစ်သည်ကို တွေ့ရှိရသည်။

၆။ **ပန်းတိုင် နှင့် မဟာဗျူဟာ**

(က) **ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်(၅)နှစ်တာ ကာလ အတွင်း ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(၁) ကျွန်ုပ်တို့ ကျေးရွာလူထုသည် အလုပ်အကိုင်များ ဖန်တီးခြင်း၊ အသက်မွေးပညာ ရရှိခြင်းမှ တစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားတိုးတက်ရရှိစေမည်။

(၂) ကျွန်ုပ်တို့ ကျေးရွာလူထုသည် ပိုမိုကောင်းမွန်သော ပညာရေးမှတစ်ဆင့် လူသားဆိုင်ရာ စွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(၃) ကျွန်ုပ်တို့ ကျေးရွာလူထုသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ လျှပ်စစ်မီး ပိုမိုသုံးစွဲနိုင်ခြင်း၊ အတိုးနှုန်း ပိုမိုသက်သာသော နှစ်ရှည်ချေးငွေများ ချိတ်ဆက်ဖော်ဆောင် ပေးခြင်းဖြင့် လူနေမှုဘဝ ပိုမို တိုးတက် လာစေရမည်။

(ခ) **အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားမည်။

(၁) ကျေးရွာတွင် အရင်းအနှီးငွေနှင့် နည်းပညာတိုးတက်မှုများကို ရှာဖွေဖော်ဆောင်ပြီး စီးပွားဖြစ် မွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အရင်းအနှီးငွေများ ချိတ်ဆက်ရရှိပါက မွေးမြူရေးလုပ်ငန်းနှင့် အခြားအရောင်းအဝယ် ကဲ့သို့သော လုပ်ငန်းများအတွက် ခွဲဝေ ချထား ပေးမည်။

(၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုး၊ ပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် အခြားအသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်ရန် သင့်တော်သော သင်တန်းသား များကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ သင်တန်းသားများ အတွက် ဝင်ငွေရ လုပ်ငန်းများနှင့် အလုပ်အကိုင် အခွင့်အလမ်းများတွင် အဆင်ပြေစွာ ဝင်ရောက်လုပ်ကိုင်နိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးမည်။ ကျေးရွာတွင် ကျေးရွာလမ်းမကြီးအား ကောင်းမွန်အောင် တည်ဆောက်ပေးခြင်း၊ ဓာတ်အားလိုင်းမှ လျှပ်စစ်မီးအား ကျေးရွာ အိမ်ထောင်စုများအားလုံး အသုံးပြုနိုင်အောင်စီမံ ဆောင်ရွက်ခြင်း၊ နွေရာသီ သောက်ရေ လုံလောက်စွာ ရရှိ စေရန်နှင့် ကျေးရွာလူထု၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်နိုင်ရန် ဆောင်ရွက်သွားမည်။

(၃) ကျွန်ုပ်တို့ ကျေးရွာအတွင်းရှိ တည်ဆောက်ပြီးသော အဆောက်အအုံများနှင့် လုပ်ငန်းများ အသုံးပြု စီမံခန့်ခွဲ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားကြမည်။ ကျေးရွာ လူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြု လုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှု စွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင်ရွက်မည်။

၇။ **ကျေးရွာစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးမည့် ကိစ္စများ**

အစိုးရ၏မူဝါဒနှင့် အစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ

ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ အဆင့်တို့မှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာ အဆင့်ထိ ပံ့ပိုးပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) **ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည် စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏ ပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

(ခ) **ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကို အသေးစားစီးပွားရေးလုပ်ငန်းများ၊ ကုန်တင်ယာဉ်အချို့နှင့် မွေးမြူရေးလုပ်ငန်း တို့တွင် ချေးငွေများရရှိရန် ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာ သမဝါယမ အသင်းကဲ့သို့သော အစိုးရ အဖွဲ့အစည်းများမှ စိုက်ပျိုးရေး၊ မွေးမြူရေးအပြင် အသေးစားစီးပွားရေး လုပ်ငန်းနှင့် ယာဉ်ကဲ့သို့သော စီးပွားရေး လုပ်ငန်းများ ရင်းနှီးမြုပ်နှံနိုင်ရန် ချေးငွေအစီအစဉ်များကို ဆောင်ရွက်သင့်ပါသည်။

(ဂ) **စိုက်ပျိုးမြေအသုံးချနိုင်ရန်**

စိုက်ပျိုးရေးကဏ္ဍတွင် လယ်ယာဖွံ့ဖြိုးရေးဘဏ် ကဲ့သို့သော အစိုးရအကူအညီဖြင့် ချေးငွေများ ရနိုင် သော်လည်း စိုက်ပျိုးမြေများ ကျေးရွာတွင်လျော့နည်းသွားမှုကို ထိရောက်စွာ ကာကွယ်တားဆီးသင့်သည်။

(ဃ) **ကျေးလက်လူနေမှုဘဝ မြှင့်တင်ရေး**

ကျေးရွာများတွင် အားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမမီခြင်းနှင့် အားကစားကွင်းများ တည်ဆောက်မှု မရှိခြင်းတို့ကို မြို့နယ်အဆင့်၊ တိုင်းဒေသကြီးအဆင့် အားကစားဝန်ကြီးဌာနများမှ ထိုက်သင့် သလောက်ကူညီဆောင်ရွက်ပေးသင့်သည်။ လူငယ်လူရွယ်အချို့နှင့် ကျေးလက်နေ ပြည်သူအချို့မှာ အရက်သေစာ သောက်စားမူးယစ်ခြင်းနှင့် လောင်းကစားအချို့ ပြုလုပ်ခြင်းများ ရှိသည့်အတွက် လိုင်စင်ရ အရက်ဆိုင်များနှင့် လောင်းကစားအချို့တို့ကိုလည်း ထိန်းချုပ်ကန့်သတ် ထားသင့်သည်။ ကျေးလက်နေ ပြည်သူ တို့ ကျန်းမာရေးအဆင့်မြှင့်တင်နိုင်ရန်လည်း သက်ဆိုင်ရာဌာန များမှ အခါအားလျော်စွာ ပိုမိုကွင်းဆင်း ဆောင်ရွက် ပေးသင့်သည်။

၈။ **စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် နည်းဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထား နားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် (၅)နှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များ ဖြစ်သည်။

(က) **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက (၅)နှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလကို ဖော်ထုတ် ဦးစားပေး တန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှု မရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် (၂)နှစ်(၃)နှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း (၅)နှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် (၅)နှစ်တာ စီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှု မရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါသည်။ ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) **ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာ နှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (**Functional Classification** ) ဖြင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍အုပ်စု သတ်မှတ်ခြင်း ( **Economic Classification** )သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှု နှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ( **Functional Classification** ) ဝန်ကြီး ဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်း အခြားများကို သိရှိစေနိုင်သည်။

**ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း**
(**Economic Classification** )တွင်-

- သာမန်အသုံးစရိတ်။
- ငွေလုံးငွေရင်းအသုံးစရိတ်။

- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်။
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေး အဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တစ်ချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့များ ဖွဲ့စည်းထားခြင်းနှင့် အခြား အေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည် -

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာလမ်းမကြီးအား ကွန်ကရစ်ခင်းရန် (၃၀၀′×၁၂′×၈′) | ၁ | ★ | ★ | ★ | | |
| ၂ | နွေရာသီသောက်ရေ လုံလောက်စွာ ရရှိရေးဆောင်ရွက်ရန် | ၂ | | | ★ | | |
| ၃ | အတိုးနှုန်းသက်သာ၍ နှစ်ရှည်ချေးပေး နိုင်သောချေးငွေများရရှိရေးဆောင်ရွက်ရန် | ၃ | ★ | ★ | | | |
| ၄ | မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး ပိုမိုသုံးစွဲနိုင်ရေး ဖော်ဆောင်ရန် | ၄ | | ★ | | | |
| ၅ | ကျေးရွာပိုင် အားကစားကွင်းငယ်တစ်ခု ဖော်ဆောင်ရန် | ၅ | | ★ | | | |
| ၆ | စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး ~~ဆောင်ရွက်ရန်~~ [illegible] | ၆ | | ★ | ★ | ★ | |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(Indicative)အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တစ်ချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက် ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်ငွေ။ ဥပမာ- လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက်<br>(Project) | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | ကျေးရွာလမ်းမကြီးအား ကွန်ကရစ်ခင်းရန် | | | | | |
| ၂ | နွေရာသီသောက်ရေ လုံလောက်စွာရရှိရေး ဆောင်ရွက်ရန် | | | | | |
| ၃ | အတိုးနှုန်းသက်သာ၍နှစ်ရှည် ချေးပေးနိုင်သောချေးငွေများ ရရှိရေးဆောင်ရွက်ရန် | | | | | |
| ၄ | မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးပိုမိုသုံးစွဲနိုင်ရေး ဖော်ဆောင်ရန် | | | | | |
| ၅ | ကျေးရွာပိုင် အားကစားကွင်း ငယ်တစ်ခုဖော်ဆောင်ရန် | | | | | |
| ၆ | စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး ဆောင်ရွက်ရန် | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီ အသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ- လူငယ်ဖွံ့ဖြိုးရေးအဖွဲ့သည် ကျေးရွာ စာကြည့်တိုက် အရည်အသွေးတိုးတက်ကောင်းမွန်ရန်နှင့် စာဖတ်ရှိန် မြှင့်တင်ရန် တာဝန်ယူ ဆောင်ရွက်စေ၍၊ မီးလင်းရေးကော်မတီအား လျှပ်စစ်မီး ပိုမိုသုံးစွဲနိုင်ရေးနှင့် လုပ်ငန်းများ စဉ်ဆက်မပြတ် ကောင်းမွန်စေရန် တာဝန်ယူဆောင်ရွက်စေမည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့အဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူ ဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။ ဥပမာ- ကျန်းမာရေးကူညီစောင့်ရှောက်မှုများအား ကျေးရွာအတွင်းရှိ လူမှုကူညီရေး အသင်းများနှင့် ချိတ်ဆက်၍ လည်းကောင်း၊ ကျေးရွာ၏ အားကစားဆိုင်ရာ ကိစ္စရပ်များကို လူငယ်ဖွံ့ဖြိုးရေးအဖွဲ့များနှင့် တွဲဖက်၍ လည်းကောင်း အကူအညီများ ရယူဆောင်ရွက်ပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက် ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များ၏ ပါဝင်မှုများ အမှန်ပင်လိုအပ်ပါမည်-

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေး စသည့်သင်တန်းများအတွက် ကန်ထရိုက်များ။
- စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှု ပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ။)
- ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး၊ လုပ်ငန်းတစ်ခုလုံး

လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲသူများထံမှ ပြုပြင်ထိန်းသိမ်း ရန်အတွက် လစဉ်အလှူငွေကောက်ခံခြင်း၊ လမ်းတည်ဆောက်ပြီးပါက စီးပွားရေးအတွက် အသုံးပြုသော လုပ်ငန်းရှင်များထံမှ အသုံးပြုခကောက်ခံခြင်း၊ ထို့အပြင် လမ်းပေါ်တွင်ဖြတ်သန်းသွားလာသည့် ယာဉ်နှင့် ကုန်ပစ္စည်းတန်ချိန် ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်း ကော်မတီများကို တာဝန် အပ်နှင်းဆောင်ရွက်မည်ဖြစ်သည်။ ဥပမာ-လမ်းပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီအား တာဝန်ယူ ဆောင်ရွက်စေမည်ဖြစ်သည်။

## ၁၁။ **စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေ များအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစ ကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ် စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်း အကောင်အထည် ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူ ပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) **ကြီးကြပ်စစ်ဆေးခြင်း (Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လ အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်း၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲ အသီးသီးသည် ၎င်းတို့၏ ကြီးကြပ် စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ကျေးရွာလူထုအစည်းအဝေး၌ အစီရင်ခံ တင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံ စာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်-

(၁) **လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု**

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ။
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ၊ အဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ။
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ။

(၂) **ငွေကြေးဆိုင်ရာတိုးတက်မှု**

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထားချက် နှင့် နှိုင်းယှဉ်၍)

(၃) **လပတ်ကုန်တွင်ရှိသော ငွေသားနှင့်အခြားပစ္စည်းလက်ကျန်**

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲ များ၊ ပြဿနာများ။
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ။
- ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး၊ သက်ဆိုင်ရာ ကျေးရွာအုပ်စု ဥက္ကဋ္ဌ နှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ ပါမည်။

- အစီရင်ခံစာသည် စာမျက်နှာ (၂/၃)မျက်နှာခန့် ပါဝင်၍ အောက်ပါအချက်များကို အဓိက ထား ဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင် ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီအထောက်အပံ့များ စသည်တို့ ပါဝင်မည်။

(ခ) **နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ -

ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေး ထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်သည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူ များထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက် များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(ဂ) **နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်း အလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

**ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့**
**ဗျိုက်ကုန်းကျေးရွာ**
**ပုသိမ်မြို့နယ်**

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၃ | ၄ | ၇ | ၁.၈ % |
| ၁ နှစ်မှ ၅နှစ်အောက် | ၅ နှစ်အောက်ကလေးငယ် | ၁၈ | ၁၉ | ၃၇ | ၉.၈ % |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၁၄ | ၁၆ | ၃၀ | ၇.၉၄ % |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၂ | ၁၄ | ၃၆ | ၉.၅၂၄ % |
| ၁၅ နှစ်အထက်မှ ၆၀ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၁၆ | ၁၂၉ | ၂၄၅ | ၆၄.၈၁၅ % |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၂ | ၁၁ | ၂၃ | ၆.၀၈၅ % |
| စုစုပေါင်း လူဦးရေ | | ၁၈၅ | ၁၉၃ | ၃၇၈ | ၁၀၀.၀၁% |
| စုစုပေါင်း အိမ်ထောင်စု - | | တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄.၂ | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ မျိုက်ကုန်း ကျေးရွာတွင် လူဦးရေ ကျား၊မ စုစုပေါင်းမှာ (၃၇၈) ယောက်ရှိပြီး ကျား (၁၈၅) ယောက်၊ မ (၁၉၃) ယောက် ရှိပါသည်။ တစ်နှစ်အောက် ကလေးငယ် (၇) ယောက် လူဦးရေ၏ ၁.၈%၊ (၅) နှစ်အောက် ကလေးငယ် (၃၇) ယောက် ၉.၈% ရှိပါသည်။ ၅-၉ နှစ်အထိ (၃၀) ယောက် ၇.၉၄%၊ ၉-၁၅ နှစ်အရွယ် (၃၆) ယောက် ၉.၅၂၄%၊ ၁၅-၆၀ အရွယ် (၂၄၅) ယောက် ၆၄.၈၁၅%၊ ၆၀ နှစ်အထက် (၂၃) ယောက် ၆.၀၈၅% ရှိပါသည်။ မြန်မာနိုင်ငံ၏ တစ်အိမ်ထောင် ပျမ်းမျှလူဦးရေ (၅) ယောက်နှုန်းနှင့် နှိုင်းယှဉ်ပါက အနည်းငယ် လျော့နည်းသည်ကို တွေ့ရှိရသည်။

မျိုက်ကုန်း ကျေးရွာတွင် ၁၅-၆၀ နှစ်အထိ စုစုပေါင်း လူဦးရေမှာ ၂၄၅ယောက် ရှိသည်။ အလုပ်လုပ်ကိုင်နိုင်သည့် ဦးရေမှာ ၆၄% ကျော် (စုစုပေါင်းလူဦးရေ၏) ဖြစ်သည့်အတွက် လုပ်သားအင်အား သင့်တင့်ကောင်းမွန်သည်။ ကျေးရွာတွင် အများစုမှာ ဆင်းရဲနှင့် အလွန်ဆင်းရဲသူများ ဖြစ်သောကြောင့် အလုပ်လုပ်နိုင်မည့် သူများအား လုပ်သားအရင်းအမြစ် ဖွံ့ဖြိုးမှုဆိုင်ရာ နည်းလမ်းများ ဆောင်ရွက်ပေးနိုင်ပါက ကျေးရွာစီးပွားရေး ပိုမိုကောင်းမွန်နိုင်သည်။ အိမ်ထောင်စုအလိုက် အတိုးနှုန်း အလွန်သက်သာသော နှစ်ရှည် ချေးငွေလုပ်ငန်းများအား မွေးမြူရေးနှင့် အရောင်းအဝယ် ကဲ့သို့သော လုပ်ငန်းများကို ချေးပေးနိုင်ပါက စီးပွားရေး အခွင့်အလမ်းများ ပိုမိုတိုးတက်လာနိုင်မည်ဟု လေ့လာတွေ့ရှိရပါသည်။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃.၃၃ | ၈ | ၄ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၆.၆၇ | ၁၄ | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၂ | ၁၃.၃၃ | ၃၁ | ၃ | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၀ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉ | ၁၀ | ၂၇ | ၁၃ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၁ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၂ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂.၂၂ | ၇ | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | ၅.၅၆ | ၁၄ | ၁၀ | |
| ၁၃ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၄ | အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၅ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၃.၃၃ | ၁၁ | ၁ | |
| ၁၆ | ပညာရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၇ | ကျန်းမာရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁.၁၁ | ၂ | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၈ | လူမှုရေး လုပ်ငန်းများ | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁.၁၁ | ၂ | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂၂ | ၂၄.၄၄ | ၇၅ | ၄၈ | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၇ | ၁၈.၈၉ | ၄၃ | ၅ | |
| | **စုစုပေါင်း** | ၉၀ | ၉၉.၉၉ | ၂၃၄ | ၈၄ | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ချိုက်ကုန်းကျေးရွာ၏ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းများကို လေ့လာရာတွင် အိမ်များတွင် အငှားလုပ်သူများနှင့် အမည်မဖော်ပြနိုင်သော လုပ်ငန်းများတွင် လုပ်ကိုင်သူ ဦးရေမှာ ကျေးရွာအိမ်ထောင်စု၏ (၂၄.၄၄) အများဆုံးဖြစ်သည်။ ဒုတိယ အများဆုံးမှာ ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် ဝန်ထမ်းများအဖြစ် လုပ်ကိုင်ကြသူများ ဖြစ်သည်။ အခြားလုပ်ငန်းအဖြစ် လက်သမား၊ ပန်းရံလုပ်ငန်း၊ လက်လီလက်ကား ရောင်းဝယ်ရေးနှင့် တံငါလုပ်ငန်းများ အသင့်အတင့် လုပ်ကိုင်ကြသည်။ စိုက်ပျိုးရေး လုပ်ကိုင်သူ (၂.၂၂%) နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း (၂.၂၂%) လုပ်ကိုင်ကြသည်။ အနည်းဆုံးမှာ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်း ဖြစ်သည်။

ကျေးရွာ၏ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းများကို လေ့လာချက်အရ အလုပ်သမား ကျပန်းနှင့် ရာသီအလိုက်အလုပ်သမားများ၊ လက်သမား၊ ပန်းရံ၊ အရောင်းအဝယ်နှင့် အထည်ချုပ် ကုမ္ပဏီကဲ့သို့သော ကုမ္ပဏီများတွင် အထည်ချုပ် လုပ်သားများအဖြစ် အဓိက အလုပ်အဖြစ် အသက်မွေးဝမ်းကြောင်းပြုသည်ကို လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သူ အများစုမှာ (၆၄.၈၁%) ရှိသည်ကို တွေ့ရသော်လည်း အများစုမှာ အလုပ်သမားကျပန်းများ ဖြစ်သည့်အတွက် ကျေးရွာ၏ စီးပွားရေး အခြေအနေမှာ လွန်စွာနိမ့်ကျနေသည်ကို လေ့လာတွေ့ရှိရသည်။ အင်းရဲနှင့် အလွန်အင်းရဲ အိမ်ထောင်စုမှာ (၅၅) အိမ်ထောင်စုရှိပြီး ၎င်းအိမ်ထောင်စုများအား အတိုးနှုန်းသက်သာသော ချေးငွေ အကူအညီနှင့် မွေးမြူရေးလုပ်ငန်းများ တွဲဖက်လုပ်ကိုင် စေပါက ဝင်ငွေများ တိုးတက်လာနိုင်သည်။ လက်သမား၊ ပန်းရံနှင့် ပြင်ပဝန်ထမ်းများအားလည်း နည်းပညာအနှင့် ကျွမ်းကျင်မှု မြှင့်တင်ပေးနိုင်ပါက ဝင်ငွေပိုမိုတိုးတက်လာနိုင်သည်ဟု လေ့လာသုံးသပ်မိပါသည်။

## (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၃၀၀၀ | ၂၀၀၀ | ၂၅၀၀ | ၁၅၀၀ | ခန့်မှန်း |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | ၂၀၀၀ | ၁၅၀၀ | | | အချိန်ပိုင်း |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ | လုပ်ငန်းပေါ်မူတည်၍ အဆင့်အလိုက်ကွာ ခြားသည် |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | မြို့လုပ်ငန်း အခြေခံ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | | ကျေးရွာအတွင်း လုပ်ကိုင်ခြင်းမရှိပါ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၃၀၀၀ | ၂၀၀၀ | ၂၅၀၀ | ၁၅၀၀ | ခန့်မှန်း |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | | မရှိပါ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | ၃၀၀၀ | ၂၀၀၀ | | | ဟာကဈေ ကျေးရွာအတွင်းလုပ်ကိုင်ခြင်းမရှိ၍ လုပ်အားခ ဖြစ်ပါသည် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ မြိုက်ကုန်းကျေးရွာတွင် လုပ်ငန်းနှင့်ကျား၊မအလိုက် နည်း/များ လုပ်အားခ နှုန်းထားကို လေ့လာရာတွင် အမျိုးသားများမှာ အမျိုးသမီးများထက် လုပ်အားခ ပိုမိုရရှိသည်ကို တွေ့ရသည်။ ကျွမ်းကျင်မှုအရ လုပ်အားခ ကွာခြားသည်ကိုလည်း တွေ့ရသည်။ ဥပမာ - (လက်သမားဆရာ - ၈၀၀၀ ကျပ်၊ ရိုးရိုးလုပ်သား ၅၀၀၀ ) ကျား၊မ လုပ်အားခနှုန်းထား ကွာခြားသော်လည်း ထုတ်လုပ်လုပ်ငန်းများတွင် လုပ်အားခနှုန်းထား တူညီသည်ကို လေ့လာတွေ့ရှိရပါသည်။

(၁.၃)	သဘာဝ ရင်းမြစ်များ

(၁.၃.၁) **စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၃ | သင့် | မရ | တူးမြောင်း / ၃ဧက |
| ယာမြေ /တောင်ယာ | | | | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | ၁၃.၇၅ | သင့် | - | ရေတွင်းနှင့်အဝီစိတွင်းမှရရှိ |
| နှစ်ရှည်သီးနှံစိုက်ခင်း | | | | |
| ရွှေ့ပြောင်းတောင်ယာမြေ | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| အခြား | | | | |
| **စုစုပေါင်း** | ၁၆.၇၅ | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**မှတ်ချက်။**	။ရေရှိသည့် နေရာအမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။**	။ ဖိုက်ကုန်းကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်ယာမြေ ပိုင်ဆိုင်မှု ၃ ဧက သာရှိပြီး အိမ်ခြံ စိုက်ခင်း ဧရိယာမှာ ၁၃.၇၅ ဧက ရှိသည်။ အခြား စိုက်ပျိုးနိုင်သော မြေဧရိယာ မရှိသည်ကို တွေ့ရှိရသည်။ ကျေးရွာ၏ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပြီး လယ်မြေများတွင် ရေကြီးနစ်မြုပ်မှုကြောင့် နုန်းတင်မြေနုများ ကျန်ရှိနိုင်သည်။ ကျေးရွာတွင် လွန်ခဲ့သည့် ၁၀ နှစ်အထက်က လယ်နှင့်ခြံ ဧက ၁၀၀ ခန့် ~~မြေပိုင်ဆိုင်သောလယ်သမား~~ ပိုင်ဆိုင်သော်လည်း ပျဉ်မဲတံတားတည်ဆောက်မှု ကျွန်းကျွံများနှင့် အခြားလုပ်ငန်းများသို့ ရောင်းချမှုများကြောင့် များစွာ ဆုံးရှုံးသွားခဲ့ပြီး ဖြစ်သည်။ ရေအရင်းအမြစ်အဖြစ် မြစ်ချောင်းများနှင့် နီးကပ်စွာ တည်ရှိပြီး ရေတွင်းများနှင့် အဝီစိတွင်းများမှ စိုက်ပျိုးရေ ရရှိနိုင်သည်။ ယခုအခါ စိုက်ပျိုးမြေဧရိယာမှာ အလွန် နည်းပါးသွားသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့နိုင်ရန် မဖြစ်နိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

(၁.၃.၂)	**ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ**

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| အခြား ရင်းမြစ်များ | မရှိ | |
| **အခြားသဘာဝ ရင်းမြစ်** | မရှိ | |

| အမျိုးအစား | ရရှိနိုင်မှု<br>(များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု<br>(လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | မရှိ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မျိုးကဲကုန်း ကျေးရွာ၏ တောတောင်များ၌ အမြဲ သဘာဝ အကိုင်းဖြစ် များကို လေ့လာရာတွင် တောင်သစ္စာကိုတူဖော်ခြင်း မရှိသည်ကို တွေ့ရပြီး ယခင်က သစ်မှုန် … လုပ်ငန်း အနည်းငယ် ပေါ်ခဲ့သောကြောင့် လူဦးရေတိုးပွားလာ၍ မြေဆွာပါးမှု ကြောင့် လုပ်ကိုင်နိုင်ခြင်း မရှိသည်ကို တွေ့ရှိသည်။ သဘာဝ တိရစ္ဆာန်မျိုးစိတ်များမှာ … ရှားပါး မတွေ့ရှိရပါ။
… …………… သဘာဝ အပင်မျိုးစိတ်များကို လေ့လာရာတွင် ယခင်က မြေဩဇာကောင်းသော များ တွင် ကာဒီ ကယ်ပင်၊ သံလွင်ပင်၊ သစ်ပင် ကြီးမားများ ရှိပေါက်ရောက်ခဲ့သည်။ ယခု အခါ အနည်းငယ် ပေါ်မှုသာ တွေ့ရှိရပါသည်။ နွားစာ များဖြင့် … များ ပေါက်ရောက်ခဲ့သည်။ ယခုအခါ မြေဆွာပါးမှုကြောင့် အနည်းငယ်သာ တွေ့ရှိရသည်ကို လေ့လာတွေ့ရှိရပါသည်။……………………

………………………………………………………………………………

………………………………………………………………………………

………………………………………………………………………………

## (၁.၄) ဥစ္စာနေအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာနေအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅.၀၅ ဧက | ၁၁.၇၂ ဧက | – | – |
| အိမ်အခြေအနေ | တိုက် + တိုက်ခံအိမ် | သွပ်မိုး ပျဉ်ထောင် | သွပ်/ဓနိမိုး/ပျဉ်ခင်း | ဓနိမိုး/ကာ ဝါးအိမ် |
| လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု | ရေစုပ်စက် - ၂ | – | – | – |
| ကုန်ထုတ်လုပ်မှုနှင့်မဆိုင်သော ပိုင်ဆိုင်မှု | ကား - ၃<br>ထော်လာဂျီ - ၃ | ဆိုင်ကယ်/ | စက်ဘီး | – |
| အဓိကစီးပွားရေးလုပ်ငန်း | အရောင်းအဝယ် ကား၊ ကိုက်ချိုးရောင်း | အရောင်းအဝယ် လက်သမား၊ ပန်းရံ၊ ဝန်ထမ်း၊ မြ | ကျပန်း၊ | မှီခို ကျပန်း |
| အခြားပိုင်ဆိုင်မှု | | | | |
| အိမ်ထောင်စု - | ၅.၅၆ ( %) | ၃၃.၃၃ ( %) | ၄၀.၀၀ %) | ၂၁.၁၁ ( %) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ မျိုးကဲကုန်း ကျေးရွာ၏ ဥစ္စာနေ အဆင့် အခြေအနေ မှာ အဆင်ပြေ သော အိမ်ထောင်စု မှာ ကျေးရွာ အိမ်ထောင်စု၏ (၅.၅၆)% အလယ်အလတ် အိမ်ထောင်စု (၃၃.၃၃%)

ဆင်းရဲသော အိမ်ထောင်စု (၄၀.%) နှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ (၂၁.၁၁%) ရှိသည် ကို တွေ့ရှိရသည်။ ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင်စုများ (၃၆) စု ရှိပြီး အလွန်ဆင်းရဲသော အိမ်ထောင်စုများ (၁၉) စု ရှိသည့်အတွက် ကျေးရွာ၏ ဥက္ကာနေ အဆင့် မှာ နိမ့်ကျလျက်ရှိသည် ကို တွေ့ရှိရသည်။

အဆင်ပြေသော အိမ်ထောင်စုများ (၅) စုမှာ (၅.၅၆%) ရှိသည့်အတွက် အခြား ကျေးရွာများနှင့် နှိုင်းယှဉ်လျှင် များစွာ နောက်ကျနေသည်ကို တွေ့ရှိရသည်။ ထို့ပြင် အိမ်ထောင်စုများမှာ ကား / မိုးတော်ကီ နှင့် ရေပေးအသုံး ပိုင်ဆိုင်ပြီး တိုက်ခံ အိမ်တို့ ပိုင်ဆိုင်ကြသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများ ဆိုင်ကယ် / သွပ်မိုး / ပျဉ်ထောင် အိမ်များ ပိုင်ဆိုင်ပြီး ကျန် အိမ်ထောင်စုများမှာ သွပ် / ဓနိ / ဝါး နှင့် သစ် အနည်းငယ်ဖြင့် ဆောက်ထားသော အိမ်များကို သာ နေထိုင်သည်ကို တွေ့ရှိရသည်။ ကျေးရွာ၏ ဥက္ကာနေ အခြေအနေ မှာ များစွာ နိမ့်ကျလျက်ရှိပြီး လိုအပ်ချက်များ စွာ ရှိနေသေးသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနေ အဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၁ | ၁.၁၁ | အကြွေးဝယ်ယူခြင်း |
| ၃ လနှင့် ၆ လအောက် | – | – | – |
| ၆ လ မှ ၁၂ လ အထိ | ၁၁ | ၁၂.၂၂ | ချေးငှားခြင်း |

ရင်းမြစ်..ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ဗိုက်ကုန်း ကျေးရွာ၏ ဝမ်းစာ ဖူလုံမှု ကို လေ့လာရာတွင် အဆင့် (၄ နှင့် ၅) ၃၀% လေ့လာမှုအရ ၃ လအောက် ဝမ်းစာ ဖူလုံမှု အိမ်ထောင်စု တစ်စု (၁.၁၁%) နှင့် ခြောက်လမှ တစ်နှစ်အထိ ဝမ်းစာ ဖူလုံမှု (၁၂.၂၂%) ရှိသည်ကို အိမ်ထောင်စု တစ်ဆယ့်နှစ်စု အား လေ့လာရာ၌ တွေ့ရှိရသည်။ ဖြေရှင်းသည့် နည်းဗျူဟာ အနေဖြင့် ချေးယူခြင်း နှင့် အကြွေးဝယ်ယူခြင်း တို့ကို တွေ့ရသည်။

ကျေးရွာ၏ ဝမ်းစာ ဖူလုံမှု မှာ ရွာ အတွင်း၌ လက်လုပ် / ကောက်ရိတ်များ နှင့် ကျွန်းမြေ များ ပြားသောကြောင့် ရေကြီးခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ် နှင့် အခြား အခက်အခဲ များကြောင့် ဝမ်းစာ ဖူလုံမှု မရှိခြင်း များဖြင့် ကြုံတွေ့ရသည်ကို လေ့လာ တွေ့ရှိရပါသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | ၁ | ၃ | ၄ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | – | – | – |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၃ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၃ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။မှိုင်းကုန်းကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ လေ့လာရာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို လေး ဦး အိမ်ထောင်စု သုံး စု ရှိပြီး အလွန်ဆင်းရဲသော အိမ်ထောင်စုများဖြစ်သည်။ မသန်စွမ်းသည့် ပုဂ္ဂိုလ် မရှိပါ။ အမျိုးသမီး ဦးဆောင်သောဆင်းရဲသည့် အိမ်ထောင်စု သုံးစု မုဆိုးဖို / တစ်ခုလပ် ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု သုံးစု ရှိသည်ကို တွေ့ရသည်။ ……… [illegible] အိမ်ထောင်စုများ၏ အဓိက ထိခိုက်လွယ်မှုမှာ အိမ်ထောင်စု အ[illegible] ရှိ အလုပ် လုပ်ကိုင်မှု နည်းပါးခြင်း၊ [illegible] အရွယ် နှင့် ကျောင်းနေ အရွယ် ကလေး ငယ်များ ရှိခြင်းကြောင့်ဖြစ်သည်။ အသက် [illegible] အိမ်ထောင်စု သုံးစု မှာ အခြား…. ဒေသ သို့ မိသားစု အချို့ [illegible] မှု ကိုယ်တိုင် [illegible] ဖြင့် [illegible] အလုပ်ကိုင်ခြင်းများ ဖြင့် အသက် မွေးနေရသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို အိမ်ထောင်စု များ အား ကူညီစောင့်ရှောက်မှု များ ပေးရန် အတွက် နည်းလမ်း များ ရှာဖွေရ အုံး မည် ဖြစ်သည်။

### (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | လတ် | ကျေးရွာအတွင်း [illegible] ရေကြီး နစ်မြုပ်မှု [illegible] |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် | စိုက်ပျိုးရေ [illegible] စိုက်ပျိုးမြေ [illegible] |
| ၃ | ရေကြီးခြင်း | မြင့် | နှစ်စဉ်ရေကြီး နစ်မြုပ်မှု နည်း/များ ရှိ |
| ၄ | မိုးခေါင်ခြင်း | – | – |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | – |
| ၆ | မုန်တိုင်း | လတ် | မုတ်သုန်ရာသီတွင် ပြင်းထန်သော မုန်တိုင်းများ ကျရောက်နိုင် |
| ၇ | လျှော | – | – |
| ၈ | မီးဘေး | – | – |
| ၉ | ဆားငန်ရေဝင်မြေ | – | – |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | လတ် | မြစ်ကမ်းဘေး နေသူများ၌ မြေပြိုခြင်းများရှိ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | — | — |
| ၁၂ | ငှက်ဖျားရောဂါ | — | — |
| ၁၃ | တီဘီရောဂါ | — | — |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | — | — |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | — | — |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | — | — |
| ၁၇ | လူကုန်ကူးခြင်း | — | — |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | — | — |
| ၁၉ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ [illegible] ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေမှာ [illegible] ရှိသည်။

[illegible] မြစ်ကမ်းဘေး များတွင် [illegible] ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

………………………………………………………………

## (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | [illegible] |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် | [illegible] |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | [illegible] |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော | လတ် | မြစ်ကမ်းဘေး နေထိုင်သူများမှာ [illegible] |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | ဒေသတွင် နေထိုင်သူ | | |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | လတ် | နေထိုင်မှု စာရင်း ၄၁၅ ဦး |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | လတ် | ကားလမ်းဘေးနေထိုင်သူများ သွားလာရာ မတော်တဆမှုများ ဖြစ်ပွားနိုင်ပါ၏။ မြစ်ကမ်းဘေးနေထိုင်သူ အချို့ ရေနစ်မှုကြောင့် အသက်ဆုံးရှုံးမှု ရှိ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP) | – | – |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | – | – |
| ၉ | ငါးကန်ပိုင်ရှင် | – | – |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | သဘာဝဘေးအန္တရာယ်နှင့် အလုပ်အကိုင် [illegible] အချို့ ရှိ |
| ၁၁ | လူနည်းစုလူမျိုးများ | – | – |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | – | – |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | – | – |
| ၁၄ | ရွှေတွင်းလုပ်သား | – | – |
| ၁၅ | ဆေးစွဲသူများ | – | – |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | – | – |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | – | – |
| ၁၈ | နေရပ်ပြန် အခြေချသူများ | – | – |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | – | – |
| ၂၀ | ကားသမား | နိမ့် | – |
| ၂၁ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဖျာပုံမြို့နယ်၊ ကျေးရွာ၏ ထိခိုက်သက်ရောက်မှု ခံရသူများကို လေ့လာရာတွင် လူငယ်များ [illegible] ဆေးလိပ်၊ အရက် သောက်သုံးကြသူများ ရှိသည်ကို တွေ့ရှိရသည်။ အများအားဖြင့် [illegible] [illegible] များ ရှိသည်။

မြစ်ကမ်းဘေးနေထိုင်သူများမှာ [illegible] ရေကြီး [illegible] မှု ခံစားရသည်။ ကားလမ်းဘေးနှင့် မြစ်ကမ်းဘေးနေထိုင်သူများမှာ မတော်တဆမှုများ ဖြစ်ပွားနိုင်ပြီး မြစ်ကမ်းဘေးနေသူ အချို့ ရေနစ် သေဆုံးမှုများ ရှိခဲ့သည်။ ကျေးရွာတွင် ထိခိုက်သက်ရောက်မှု အများဆုံးမှာ လက်လုပ်လက်စား ကျပန်းများဖြစ်ပြီး သဘာဝဘေး အန္တရာယ်နှင့် အခြား ထိခိုက်သက်ရောက်မှုများကြောင့် [illegible] နိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | မြတ်စေတနာ/နာရေး | ၂ | ၁၅ | ၁၀ | ၂၅ | နာရေး/ကျန်းမာရေး | ၄ | ၈ |
| ၂ | စီးလင်းရေးကော်မတီ | ၂ | ၉ | | ၉ | ကျေးရွာစီးလင်းရေး | ၄ | ၆ |
| ၃ | လမ်းကော်မတီ | ၂ | ၁၃ | | ၁၃ | မြေသားလမ်းကျောက်ချော | ၄ | ၇ |
| ၄ | | | | | | | | |
| ၅ | | | | | | | | |
| ၆ | | | | | | | | |
| ၇ | | | | | | | | |
| ၈ | | | | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ယခုကြက်ကုန်းကျေးရွာ၏ လူထုအဖွဲ့အစည်းများ၏ အခြေအနေနှင့် ပတ်သက်၍ အခြေအနေကို လေ့လာရာတွင် ကျေးရွာအတွင်း၌ လူထုကိုယ်တိုင် ဖွဲ့စည်းထားသော မြတ်စေတနာ/နာရေးကူညီရေးအသင်း၊ ကျေးရွာစီးလင်းရေးကော်မတီ၊ လမ်းကော်မတီ [illegible] အဖွဲ့အစည်းများ ရှိသည်။ မြတ်စေတနာ အသင်းသည် ကျေးရွာ၏ နာရေးကျန်းမာရေး ကိစ္စများ၌ ဦးဆောင် ကူညီပေးခြင်း [illegible] အားနည်း [illegible] စီးလင်းရေးနှင့် လမ်းကော်မတီ များမှာ ကျေးရွာ အတွင်း [illegible] ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာအတွင်း လူထုအခြေပြု အဖွဲ့အစည်းများ [illegible] ဆောင်ရွက်နိုင်ရန် [illegible]

### (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | World vision | ၂ | ငွေစု၊ ငွေချေး |
| ၂ | Pact | ၂ | ငွေစု၊ ငွေချေး |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ဇီးဖြူကုန်းကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများကို လေ့လာရာတွင် World vision , Pact Myanmar ကဲ့သို့သော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဆင်းရဲနွမ်းပါးမှုလျော့ချရန် ငွေစုငွေချေးလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိသည်။ ကျေးရွာရှိ ဆင်းရဲနှင့် အလွန်ဆင်းရဲများ အများစုဖြစ်သောကြောင့် အတိုးနှုန်း သက်သက်သာသာနှင့် ချစ်ကြည်ချေး ငွေလုပ်ငန်းများ ပိုမိုဝင်ရောက်လာနိုင်ပါက ကျေးရွာ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ပေလိမ့်မည်။ ……….

……………………………………………………………………………………

### (၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၇၆ | ၈၄.၄၄ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၁၃ | ၁၄.၄၄ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၁ | ၁.၁၁ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | | | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၉၀ | ၉၉.၉၉ | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ဖူးကြိုက်ကုန်းကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုကိုလေ့လာရာတွင် မြေယာမဲ့အိမ်ထောင်စု (၃၆)စု (၈၄.၄၄ %) ရှိပြီး စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ အလွန်နည်းပါးနေသည်ကို တွေ့ရသည်။ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ ယခင်က ဧက (၁၀၀) အထက် ပိုင်ဆိုင်မှုရှိခဲ့သော်လည်း ယခုအခါ အခြေအနေအရပ်ရပ်မှာ စိုက်ပျိုးနိုင်သည့်ဧက လယ်မြေ ၃ ဧက နှင့် အိမ်ခြံ ၇.၇၅ ဧက စုစုပေါင်း ၁၀.၇၅ ဧက သာကျန်ရှိတော့သည်။

သီးနှံထုတ်လုပ်တိုးတက်နိုင်ရန်အတွက် စိုက်ပျိုးမြေတိုးချဲ့နိုင်မှု မရှိနိုင်ပဲ လူဦးရေတိုးတက်မှုများကြောင့် တပ်မဲ့ဆုံးရှုံးနိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

(၂.၂.၁.၂) **အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ**

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | | | | |
| ၂ | ရေလွှဲဆည် | | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | | | | |
| ၅ | လက်ငင် ရေတွင်း | | | | |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | | ၃ | တနှစ်ပတ်လုံး | ရှိ |
| ၈ | အခြား | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ဖူးကြိုက်ကုန်းကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာကို လေ့လာရာတွင် ဆည်၊ ရေလွှဲဆည်နှင့် မြစ်ရေတင်စီမံကိန်းကဲ့သို့သော ရေသွင်းစိုက်ပျိုးခြင်းများမရှိဘဲ ကျေးရွာမှာ ငနို့မြစ်၏ဧရိယာတွင် တည်ရှိသောကြောင့် မြစ်၊ ချောင်းများမှ ရေအရင်းအမြစ်များကို လွယ်ကူစွာ ရရှိနိုင်သည်။

ရေအရင်းအမြစ်များကို လွယ်ကူပေါများစွာ အသုံးပြုနိုင်သော်လည်း ကျေးရွာလူဦးရေနှင့် နှိုင်းယှဉ်လျှင် သီးနှံတိုးတက်ထုတ်လုပ်မှုအတွက် စိုက်ပျိုးမြေ လွန်စွာနည်းပါးသည်ကို တွေ့ရသည်။ အိမ်ခြံများတွင် ကွမ်း၊ ပဲတောင့်ရှည် သခွား၊ မန်ကျည်း ကဲ့သို့သော သီးနှံနှင့် အပင်များကို ရေတွင်းနှင့် အဝီစိတွင်း ကဲ့သို့သော ရေအရင်းအမြစ်များမှ ရယူ၍ စိုက်ပျိုးသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| စပါး | ၃ | ၁ | ၄၀တင်း | ၆၀တင်း | ၅၀တင်း | အောက်တိုဘာ | ဇန်နဝါရီ | နိမ့် | လတ် | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မြိုက်ကုန်း ကျေးရွာ၏ အဓိကသီးနှံများနှင့် အထွက်နှုန်းကို လေ့လာရာတွင် စပါးစိုက်ဧက (၃) ဧကရှိပြီး ပျမ်းမျှ (၁) ဧကလျှင် (၅၀) တင်းနှုန်း ထွက်ရှိသည်။ အခြားသီးနှံများဖြစ်သော ပဲ၊ မြေပဲ၊ နှမ်း၊ ပန်းဂျာ စသည့် သီးနှံများ စိုက်ပျိုးနိုင်ခြင်းမရှိဘဲ အိမ်ခြံမြေများတွင် ကွမ်း၊ ဖရုံ၊ သခွား၊ သင်္ဘော၊ ငှက်ပျော အစရှိသော တစ်နိုင်တစ်ပိုင် အိမ်ခြံလုပ်ငန်းများ လုပ်ကိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် သီးနှံအထွက်နှုန်းတိုးစေရန်အတွက် လယ်ယာ ဥယျာဉ်ခြံများ ဖော်ထုတ်ရန် မြေလွတ်မြေရိုင်းများ ဖြစ်သော စားကျက်မြေ၊ မလယ်မြေများ မရှိပါ။ သီးနှံအထွက်တိုးစေရန်အတွက် လက်ရှိလုပ်ဆောင်နေသော လယ်နှင့် အိမ်ခြံ စိုက်ပျိုးသီးနှံထုတ်လုပ်မှုများအား ပိုမိုတိုးတက်အောင် လုပ်ဆောင်သင့်သည်ဟု လေ့လာတွေ့ရှိရပါသည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | – | – | – | – | – | – | |
| လက်တွန်းထွန်စက် | – | – | – | – | – | – | |
| အစေ့ချ ကိရိယာ | – | – | – | – | – | – | |

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ရိတ်သိမ်းခြွေလှေ့စက် | – | – | – | – | – | – | |
| ရိတ်သိမ်းစက် | – | – | – | – | – | – | |
| ခြွေလှေ့စက် | – | – | – | – | – | – | |
| ရေစုပ်စက် | ၂ | – | – | – | ၂ | – | |
| ခြေနင်းရေတင်စက် | – | – | – | – | – | – | |
| မြက်ရိတ်စက် | – | – | – | – | – | | |
| အခြား | | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မျိုးကိုက်ကုန်း ကျေးရွာ၏ လယ်ယာသုံး စက်ကိရိယာ ပိုင်ဆိုင်မှုကို လေ့လာရာတွင် လယ်ယာလုပ်ကိုင်မှု နည်းပါးခြင်းကြောင့် ပိုင်ဆိုင်မှု မရှိသလောက်နည်းပါးပြီး ရေစုပ်စက် (၂) လုံးသာ ရှိသည်ကို တွေ့ရသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု နည်းပါးခြင်းကြောင့် စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှုမှာ နည်းပါးနေဦးမည်ဖြစ်သည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီဩဇာ) | မြေ - လူဦးရေထူထပ်လာမှုကြောင့် စိုက်ပျိုးမြေများပါး၊ ရေကြီးနစ်မြုပ်မှုများကြောင့် နုန်းတင်မြေနုများ ကျန်ရှိမှုကြောင့် မြေဩဇာအားကောင်းရှိ |
| ရေရင်းမြစ် | မြစ်ချောင်းများမှ အလွယ်တကူရရှိနိုင် |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ | သဘာဝမြေဆွေး - ရွာတွင်းမှ ပေါက်ရောက်သော အပင်များမှ သစ်ရွက်ဆွေးများ နှင့် တိရစ္ဆာန်များ မွေးမြူသော တိရစ္ဆာန်များမှ အညစ်အကြေးမှ ရရှိနိုင်။ အော်ဂဲနစ်မြေဩဇာ - ဈေးဆိုင်မှ အော်ဂဲနစ်မြေဩဇာ ထုတ်ယူနိုင်။ |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | အလွယ်တကူဝယ်ယူရရှိနိုင် |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | ဘဏ်၊ ရွာရှိ ဘဏ်နှင့် သမဝါယမ အဖွဲ့များ မှ ချေးငွေများ ရရှိ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု | စိုက်ပျိုးမြေ အနည်းငယ်သာ ရှိသောကြောင့် ပျိုး ပေါင်း စောင့်ရှောက်မှုအား နည်း |

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| များ | |
| သွင်းအားစုဈေးကွက် | ကောင်းမွန် / လွယ်ကူ |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | ထုတ်လုပ်မှုအားနည်း၊ ဈေးကွက်ရှိ |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။……ဗိုလ်ကြက်ကုန်းကျေးရွာ၏ သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက် အခွင့်အလမ်းများကိုလေ့လာရာတွင် လူဦးရေတူညီလာမှုနှင့် အခြားအကြောင်းရင်းများကြောင့် စိုက်ပျိုးမြေရှားပါးသည်ကိုတွေ့ရသည်။ အိမ်ခြံမြေများ၏ မြေဆီလွှာအခြေအနေမှာအလွန်အသင့်အတင့်ကောင်းမွန်ပြီး လယ်မြေများတွင်ရေကြီးနှစ်မြှုပ်မှုကြောင့် နုံးတင်မြေနုများကျန်ရှိနိုင်ပြီး မြစ်ချောင်းများမှ ရေအရင်းအမြစ် လွယ်ကူစွာရရှိနိုင်ပြီး ကျေးရွာအတွင်း ပေါက်ရောက်သော အပင်များမှ သစ်ရွက်ခြွေများဖြင့် မွေးမြူရေးတိရစ္ဆာန်များ၏ အညစ်အကြေးမှ မြေဩဇာရရှိနိုင်သည်။ ဧ.မ.ဒါပင်ကဲ့သို့သောအပင်မှ အောက်နှံ့ မြေဩဇာထုတ်ယူနိုင်သော်လည်း ထုတ်ယူခြင်းမရှိသည်ကိုတွေ့ရသည်။ အစိုးရစိုက်ဘဏ်နှင့် သမဝါယမအဖွဲ့အစည်းများမှ ချေးငွေဝန်ဆောင်မှုများရရှိနိုင်သည်။ သွင်းအားစုဈေးကွက်မှာ အသင့်အတင့်ရှိသော်လည်း စိုက်ပျိုးထုတ်လုပ်မှုအားနည်းမှုသည် သီးနှံတိုးတက်ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများကို လျော့ကျစေသည်။……………

……………………………သီးနှံထုတ်လုပ်မှုတိုးတက်စေရန်အတွက် ရေအရင်းအမြစ် မြေဆီလွှာ ချေးငွေဝန်ဆောင်မှု သွင်းအားစုဈေးကွက်နှင့်ထုတ်လုပ်ကုန်သွယ်မှုဈေးကွက်များ အသင့်အတင့်ကောင်းမွန်သော်လည်း စိုက်ပျိုးမြေဧကနည်းပါးသည်ကို လေ့လာတွေ့ရှိရပါသည်။……………………

……………………………………………………………………

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု – | မရနိုင်။ ငါးကန်နှင့်စက်ရုံများတိုးချဲ့လာမှုကြောင့် စိုက်ပျိုးမြေနည်း။ |
| မြေဆီသြဇာ အခြေအနေ - | အသင့်အတင့်ကောင်းမွန်သော်လည်း တနိုင်တပိုင်စိုက်ပျိုးမှုများသာရှိ။ |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု - | ရရှိနိုင်သော်လည်း စိုက်ပျိုးရေးလုပ်ကိုင်သူဦးရေနည်း။ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | စိုက်ပျိုးရေးလုပ်ကိုင်သူနည်းသောကြောင့် အသုံးချမှုနည်း။ |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | ကျွမ်းကျင်လုပ်သားရှိသော်လည်း စိုက်ပျိုးမြေနည်း။ |
| ရေရင်းမြစ်များ ရရှိနိုင်မှု | ချောင်းမြောင်းများ တိမ်ကောမှုများရှိ။ |

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးရေ မလုံလောက်မှု | - |
| ဖျက်ပိုးနှင့် ရောဂါ | တစ်ခါတစ်ရံ ကျရောက်။ |
| ဈေးကွက် လက်လှမ်းမီမှု | |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | စိုက်ပျိုးမြေနည်းပါးသောကြောင့် နည်းပညာအကူအညီနည်း။ |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ကွင်းကျေးရွာ၏ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများမှာ စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု မရှိခြင်းသည် အဓိက ဖြစ်သည်။ အခြား စိန်ခေါ်မှု အဖြစ် ရေကြီး နှစ်မြှုပ်မှု သဘာဝဘေး အန္တရာယ်နှစ်စဉ် ကျရောက်သည်ကို တွေ့ရသည်။ မြေဩဇာ ရေအရင်းအမြစ်၊ ငွေကြေး အရင်းအနှီး၊ လုပ်သားကျွမ်းကျင်မှုနှင့် ဈေးကွက် လက်လှမ်းမီမှု ဂေဟ အတင် ကောင်းမွန်သော်လည်း စိုက်ပျိုးမြေ မလုံလောက်မှုမှာ သီးနှံထုတ်လုပ်မှုအတွက် အဓိကပြဿနာဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| မွေးမြူရေး | | | |
| ခိုင်းနွား | ၃ | ၆ | လယ်ပြင်မြေနည်းပါးမှုကြောင့် မွေးမြူသူနည်း။ |
| နို့စားနွား | - | - | |
| မြင်း | - | - | |
| ကျွဲ | - | - | |
| မြည်း | - | - | |
| လား | - | - | |
| ဆိတ် | - | - | |
| သိုး | - | - | |
| ဝက် | ၈ | ၂၇ | စီးပွားဖြစ်မွေးမြူမှု အနည်းငယ်ရှိ။ |
| ကြက် | ၂၂ | ၃၉၆ | တစ်အိမ်တစ်နိုင် မွေးမြူမှုသာရှိ။ |
| ဘဲ | ၁၁ | ၁၂၅ | တစ်အိမ်တစ်နိုင်မွေးမြူမှုသာရှိ။ |
| နွားနောက် | - | - | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| အခြား | | | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | – | – | |
| ပုဇွန်ကန် | – | – | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | – | – | |
| ရေချို ငါးဖမ်းလုပ်ငန်း | ၆ | – | မိုးကျွန်းဘဝင်း တနိုင်တပိုင်လုပ်ငန်းများသာရှိ |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | – | – | |
| အခြား | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မိုးကုတ်ကုန်းကျေးရွာ၏ မွေးမြူရေးနှင့် ငါးလုပ်ငန်း အခြေအနေကိုလေ့လာရာတွင် ထယ်ယာသုံး နွားများကို အိမ်ထောင်စု (၃၁)စုမှ (၆၁)ကောင်သာ မွေးမြူထားသည်။ ဝက်မွေးမြူရေးလုပ်ငန်းတွင် စီးပွားဖြစ်လုပ်ကိုင်သူ [illegible] သာရှိပြီး ကြက်၊ ဘဲ၊ ဆိတ်ရှာန် တစ်နိုင်တစ်ပိုင်သာ မွေးမြူသည်ကို သိရှိရသည်။ စီးပွားဖြစ် ငါးမွေးမြူခြင်းလုပ်ငန်း ကျားမိုက်ဝေသည်ခြင်း၊ မိုက်ချုံခြင်း၊ ဝန်ပိတ်ခြင်း ကဲ့သို့သော တစ်နိုင်တစ်ပိုင် လုပ်ငန်းများကိုသာ လုပ်ကိုင်ကြသည်ကိုသာ တွေ့ရှိရသည်။ မွေးမြူရေးနှင့် ငါးလုပ်ငန်းကို တက်စေရန်အတွက် ကျေးရွာလူထုအား အခြားလုပ်ငန်းများနှင့် တွဲဖက်၍ လုပ်ကိုင်ရန် အသိအမြင်များနှင့် အကူအညီအခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန် [illegible] လိုအပ်ကြောင်း လေ့လာသိရှိရပါသည်။

## (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | မရှိ |
| ရေရရှိမှု | ရှိ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | – ရှိ / စီးပွားဖြစ်လုပ်ကိုင်နိုင်ခြင်း မရှိသေး။ |
| ချေးငွေ | – ရှိ / ပြင်ပအဖွဲ့အစည်းများမှ ချေးငွေထောက်ပံ့မှုရှိ |
| သွင်းအားစု ဈေးကွက် | သွင်းအားစု ဈေးကွက်ရှိသော်လည်း ဖော်ဆောင်မှု မရှိ |
| ဝန်ဆောင်မှု ဈေးကွက် | – မရှိ |
| ထုတ်ကုန် ရောင်းဝယ်မှု | – ရှိ / ထုတ်လုပ်မှု အားနည်း။ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | ကျေးရွာ၏ အိမ်ထောင်စု ၃၀% ခန့်သာ လုံလောက်မှုရှိ။ |
| အခြား | — |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | သဘာဝရေ အိုင်မှုရှိသောလည်း မွေးမြူမှု မရှိ။ |
| ချေးငွေ | – ငါးလုပ်ငန်းအတွက်သက်ရှိ လုပ်ကိုင်ခြင်း မရှိသေး။ |
| သွင်းအားစု လက်လှမ်းမီမှု | — |
| နည်းပညာ အကူအညီနှင့် | — |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| နည်းလမ်းများ | လက်ရှိ လုပ်ဆောင်မှု မရှိသေး။ |
| ထုတ်ကုန် ရောင်းဝယ်မှု | တနိုင်တပိုင် ငါးမွေးမြူ လုပ်ငန်းများမှ ကျောက်ဖယ် အနည်းငယ်ရှိ။ |
| အခြား | — |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဖိုးကံကုန်းကျေးရွာ၏ မွေးမြူရေးကဏ္ဍကို လေ့လာရန်အတွက် အခွင့်အလမ်းများကို လေ့လာရာတွင် တိရစ္ဆာန်များ၏ စားကျက်မြေများပါသည်ကို တွေ့ရသည်။ ရေရရှိမှု၊ မျိုးတိရစ္ဆာန် လက်လှမ်းမီမှုနှင့် ဈေးကွက် အသင့်အတင့် ကောင်းမွန်သော်လည်း တစ်နိုင်တစ်ပိုင် လုပ်ငန်းအဖြစ်သာ လုပ်ကိုင်လျက်ရှိသည်။ ခင်းငွေနည်းသည့် ဆင်းရဲသည့် အခြေခံတောင်သူများအား ဝက်၊ ကြက်၊ ဘဲ စသော တိရစ္ဆာန်များအား စီးပွားဖြစ်တွဲဖက်လုပ်ကိုင်စေခြင်းဖြင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်လာမည်ဟု လေ့လာတွေ့ရှိရပါသည်။ ငါးလုပ်ငန်းတွင် ငါးပုစွန်သားပေါက် လက်လှမ်းမီမှု၊ ဈေးကွက်ဝင်း အခြေခံနည်းပညာ အကူအညီများ ရရှိနိုင်သော်လည်း စီးပွားဖြစ်လုပ်ကိုင်နိုင်ရန် မြေနေရာနှင့် လုပ်ကိုင်လူမရှိခြင်းမှာ အခွင့်အလမ်းများကို လျော့ကျစေသည်။ မွေးမြူရေးနှင့် ငါးလုပ်ငန်း တိုးတက်စေရန် အထွက်ဆောင်ရွက်ရမည် ဖြစ်သည်။

**(၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ဈေးကွက် ရရှိနိုင်မှု | - ရရှိနိုင် / လုပ်ကိုင်သူ အနည်းငယ်ရှိ |
| ကူးစက်ရောဂါဖြစ်ပွားမှု | - နည်းပါ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | - လက်ရှိ လုပ်ဆောင်မှု နည်းပါးပါ။ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | - လက်လှမ်းမီမှုရှိ |
| အခြား | — |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | မြစ်ချောင်းများ ရှိသောလည်း၊ တနိုင်တပိုင်လုပ်ငန်းများသာရှိ။ |
